ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (18-1-2005) (၄၄၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းသစ်ဖွင့်ပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်သာအေးတို့ စစ်ကိုင်းတိုင်း လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်းများနှင့် လဟယ်မြို့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ထွက်ခွာလာကြရာ စစ်ကိုင်းတိုင်း ခန္တီးလေဆိပ်သို့ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ခန္တီးတပ်နယ်မှနယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ခန္တီးရှမ်းနှင့် နာဂ တိုင်းရင်းသားအကြီးအကဲများက ခန္တီးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄) စီမံကိန်းအင်ဂျင်နီယာ ဦးဝင်းလွင်က ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းဖြစ်သည့် ပထမအဆင့် ပေ ၅၁၀၀ မှ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း မြစ်ကြီးနားသင်္ဘော မောင်းနှင်ခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း သာကေတဆိပ်ကမ်း၌ ဆီသန့်စက်ရုံတည်ဆောက်ရေးနှင့် ဆိပ်ခံတံတားတည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် သာကေတရှိ ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေးစစ်ဆေးရေးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဆိပ်ခံတံတားနှင့်ကပ်လျက်ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မြေနေရာ၌ ယုဇနကုမ္ပဏီလီမိတက်မှ ဆိပ်ခံတံတားတည်ဆောက်သည့်အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈-၁-၂၀၀၅
(အင်္ဂါနေ့)

ဒေသတွင်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး ကြိုးပမ်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုအစဉ်အလာများ ထိန်းသိမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားမျိုးနွယ်စု ပေါင်း ၁၀၀ ကျော် ပါဝင်ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စု နိုင်ငံဖြစ်သည်။ ပြည်နယ်နှင့်တိုင်းတစ်ခုအတွင်းမှာပင် တိုင်းရင်းသားစုံ ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိကြသည့်အတွက် ပြည်နယ်များ၊တိုင်းများ ဟု အမည်နာမအခေါ်အဝေါ် ကွဲပြားနေသော်လည်း ပြည်ထောင်စု လေးများ အသွင်သဏ္ဍာန် ဖော်ဆောင်လျက်ရှိသည်။

ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ဥမကွဲသိုက်မပျက် နီးနွယ်ရောယှက် နေထိုင်ခဲ့ကြသည့် အစဉ်အလာအမွန်အမြတ်တရားများ ဖြစ်ထွန်းခဲ့ခြင်း သည်ပင် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံဂုဏ်ဒြပ်တစ်ခုဖြစ်ပေသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည် ဖော်လျက်ရှိရာတွင် စစ်ကိုင်းတိုင်း နာဂဒေသလည်း အပါအဝင်ဖြစ်သည်။ အထူးသဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် အစီအမံများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

နာဂဒေသနှင့် နိုင်ငံတော်၏ အတွင်းပိုင်းဒေသများ ဆက်သွယ် သွားလာရေးတွင် အဓိကကျသောလမ်းများကို ဖောက်လုပ်မွမ်းမံပေးလျက် ရှိရာ သက္ကယ်ကျင်း-ဟုမ္မလင်း-ခန္တီးကားလမ်း၊ မုံရွာ-ဟုမ္မလင်း- ခန္တီး ချင်းတွင်းမြစ်ရေကြောင်းလမ်း၊ ဟုမ္မလင်းလေယာဉ်ကွင်းသစ်နှင့် ခန္တီးလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ပေးခြင်းလုပ်ငန်းများ ပါဝင်သည်။

ထို့အပြင် နာဂဒေသအတွင်း တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့် ခန္တီး-ဆင်သေ-လဟယ်လမ်း၊ ထမံသီ-လေရှီးလမ်းတို့ကိုလည်း ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ကာလတွင် ဒေသတွင်းလမ်းပန်းဆက်သွယ်မှု လွယ်ကူ ချောမွေ့ခြင်းများနှင့်အတူ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ် ရင်းနှီးချစ်ကြည်မှု ပိုမိုခိုင်မြဲလာပြီး ဒေသတွင်းလူမှုရေး၊ စီးပွားရေးအခြေ အနေများ ပိုမိုတိုးတက်ကောင်းမွန် လာလျက်ရှိသည်။

၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီလ ၁၅ ရက်နေ့က စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့ ရိုးရာ အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ပြီး နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင် ပစ္စည်းများပေးအပ်ခဲ့သည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သည် တိုင်းရင်းသားစည်းလုံးညီညွတ် မှုကို အထောက်အကူပြုနိုင်စေရန် နာဂတိုင်းရင်းသားများ တက်တက် ကြွကြွ ပါဝင်ဆောင်ရွက်ရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းဆောင်ရွက်ရေး အနှစ်သာရများ လွှမ်းခြုံလျက်ရှိသည်။

ထို့အပြင် မိမိတို့၏ ယဉ်ကျေးမှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါး ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရာ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် သွားရေး ရည်ရွယ်ချက်များလည်း ပါဝင်ကြောင်းတွေ့ရသည်။

ထို့ကြောင့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးအတွက် ကြိုးပမ်းရရှိလာသည့် အောင်ပွဲ တစ်ရပ်ကို ဖော်ညွှန်းနေသော ပွဲတော်တစ်ခုဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်က အားပေးပံ့ပိုး နေသည့် အချိန်အခါကောင်းတွင် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကို များအနေဖြင့် ဖြစ်ထွန်းရရှိနေပြီဖြစ်သည့် ဒေသတွင်းတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးရေးများကို ပိုမိုအားထုတ်ကြိုးပမ်းရင်း တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီ လက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဖြင့် ကာကွယ်တားဆီးရေး၊
- ☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင် ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဝန်ကြီးဦးအောင်သောင်း ပြည်ကြီးတံခွန် စက်မှုဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂နာရီခွဲတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ စက်မှုဇုန်များအဆင့် တိုးမြှင့်ရေးစီမံကိန်းရုံးသို့ ရောက်ရှိပြီး မန္တလေးစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုဇုန်ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် စက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းတို့က ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး Machine Shop ၊ Ware House ၊ Foundry Shop ၊ Press Shop များ၏ မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှုလုပ်ငန်းများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများ အနေဖြင့် တိုးတက်လာသည်ကို တွေ့ရကြောင်းနှင့် ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် Asia-Myanmar Group မော်တော်ယာဉ် ထုတ်လုပ်ရေးသို့ ရောက်ရှိပြီး စက်ရုံထုတ် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဒေသာကျော် စက်မှုလက်မှုကားထုတ်လုပ်ရေးဌာနရှိ ထုတ်လုပ်ဆဲ၊ ထုတ်လုပ်ပြီး မော်တော်ယာဉ်များကိုလည်းကောင်း၊ စက်ရုံထုတ် မော်တော်ယာဉ် ကြမ်းခင်း၊ အမိုး၊ဖရိန်နှင့် ရှေ့ဖုံး၊ နောက်ဖုံးများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ)

လက်တွေ့မောင်းနှင်

ယင်းနောက် ဝန်ကြီးသည် မန္တလာလက်တွန်းထွန်စက်၊ CNGဓာတ်ငွေ့နှင့် ဓာတ်ဆီသုံး သုံးဘီးဆိုင်ကယ်အလုပ်ရုံသို့ရောက်ရှိပြီး အလုပ်ရုံထုတ် သုံးဘီးဆိုင်ကယ်များကို လည်းကောင်း၊ သုံးဘီးဆိုင်ကယ်အား လက်တွေ့မောင်းနှင်ပြသမှုကိုလည်းကောင်း ကြည့်ရှုသည်။

(သတင်းစဉ်)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဇန်နဝါရီ ၂၀ ရက်တွင် ဒေါပုံမြို့နယ် ဓမ္မသိတဂူ အေးရွာကျောင်းတိုက် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မသဘင်၊ ဇန်နဝါရီ ၂၈ ရက်တွင် စစ်ကိုင်းတိုင်း ပုလဲမြို့ ပေပင်ရွာ ဦးမှတ်ကြီး-ဒေါ်ရွှေကြည် မိသားစု၏ အလှူမင်္ဂလာ ဓမ္မသဘင်တို့၌ ညနေ ၆ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၇

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်(၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အကြိမ်(၈၀)မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း- ၅၃၄၃၂၇သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

လဟယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခန္တီး–လဟယ်လမ်းကို ပြုပြင်ဖောက်လုပ်ပေးလျက်ရှိ တောင်ယာများကို ကုန်းမြင့်လယ်ယာအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဒေသအာဏာပိုင်များက ကူညီဖော်ထုတ် ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းများတွင် ဒေသခံပြည်သူများပါဝင်လာအောင် စည်းရုံးလုပ်ကိုင်

ရန်ကုန် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ခန္တီးခရိုင် လဟယ်မြို့ နာဂရိုးရာအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်အားပေးပြီး နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

တွေ့ဆုံဆွေးနွေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည်မွန်းလွဲ ၁၂နာရီခွဲတွင် လဟယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ လဟယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်း၊ လေရှီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းနှင့် နန်းယွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇင်ဝမ်တို့က စပါးစိုက်ပျိုးမှုအခြေအနေ၊ ဆောင်းသီးနှံစိုက်ပျိုးမှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ လက်ဖက်နှင့် ကော်ဖီပင်စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုအခြေအနေ၊ မြေရိုင်းဖော်ထုတ်မှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခန္တီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်တင်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်အဆင့်မြှင့်တင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ခန္တီးခရိုင်လဟယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး သွားလာရေးလွယ်ကူမှသာ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခန္တီး–လဟယ်လမ်းကိုပြုပြင်ဖောက်လုပ်ပေးလျက်ရှိပြီး လိုအပ်သည့်နေရာများတွင်လည်း တံတားများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့အပြင်လဟယ်နှင့် နန်းယွန်းကိုလည်း ရွာချင်းဆက်လမ်းများဆောင်ရွက်ပြီး ဆက်လက်အဆင့်မြှင့်တင်သွားရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်၍လည်း အထွက်နှုန်းကောင်းသည့် တောင်ယာစပါးမျိုးကို ပြောင်းလဲအသုံးပြုရန်နှင့် တောင်ယာများကို ကုန်းမြင့်လယ်ယာအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရေးကိုလည်း ဒေသအာဏာပိုင်များက ကူညီဖော်ထုတ်ပေးရန်လိုကြောင်း၊ လဟယ်ဒေသတွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းမည့်နေရာများ၌ ရော်ဘာကိုစိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း မြေရိုင်းများကို ဖော်ထုတ်၍ စိုက်ပျိုးသကဲ့သို့ နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်နှင့်ငရုတ်ကောင်းများကိုလည်းရည်မှန်းချက်ရှိရှိ နှစ်စဉ်တိုးတက်စိုက်ပျိုးနိုင်အောင် စည်းရုံးလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သီးနှံများစိုက်ပျိုးထွက်ရှိခြင်းဖြင့် ဝယ်ယူသူများ လာရောက်ကြမည်ဖြစ်၍ ဆက်သွယ်ရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေးကို အားထည့်လုပ်ကိုင်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုလုံး တိုးတက်လာမည်ဖြစ်ကြောင်း။

စေတနာထားလုပ်ဆောင်

ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသဖွံ့ဖြိုးရေးတွင် အဓိကအခန်းကဏ္ဍကပါဝင်နေကြသူများဖြစ်၍ လုပ်ငန်းတာဝန်များကို စေတနာထား လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင်မိမိတို့လုပ်ငန်းများတွင် ဒေသခံပြည်သူများပါဝင်လာအောင် စည်းရုံးလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးနှင့် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သည့်အတွက် မိမိဒေသရှိ ဝန်ကြီးဌာနများ၏ လုပ်ငန်းများအောင်မြင်အောင် တွန်းအားပေးလုပ်ကိုင်ရန်လိုကြောင်း၊ ထို့ပြင်ကျေးရွာများသို့သွားရောက်၍ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း။

ခရိုင်တာဝန်ရှိသူများအနေဖြင့်လည်း မိမိလက်အောက်ရှိ မြို့နယ်များသို့ မကြာခဏ ကွင်းဆင်းသွားရောက်ပြီး မျက်ခြည်မပြတ် ကြပ်မတ်၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအားလုံး စေတနာထား၍ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နာဂဒေသသည် မကြာမီအချိန်အတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပညာရေးငွေပဒေသာပင်အဖြစ် လဟယ်မြို့နယ်၊ နန်းယွန်းနှင့် ပန်ဆောင်မြို့နယ် ကျန်းမာရေး၊ ပညာရေးအတွက် တစ်မြို့နယ်လျှင်ကျပ် ၁၀သိန်းစီနှင့် ကျပ်သိန်း ၃၀ကို ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နန်းယွန်းနှင့်ပန်ဆောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာတစ်စုံစီကို ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လဟယ်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် အနွေးအကျႌများကို လက်ဆောင်ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား လဟယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကလက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဆိုပါကျောင်း ပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဦးဇောတိသာရ အမှူးပြုသော မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၃၁ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်း အပါအဝင် ကျောင်း၃၂ကျောင်းအတွက် ဆွမ်းကွမ်းဝေယျာဝစ္စအဖြစ် တစ်ကျောင်းလျှင်ငွေကျပ်တစ်သောင်းစီနှင့် လဟယ်မြို့ဘုန်းတော်ကြီးကျောင်းအတွက် နဝကမ္မလှူဒါန်းငွေအဖြစ် ငွေကျပ်တစ်သိန်းအပါအဝင် စုစုပေါင်းငွေကျပ် ၄၂၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံယူသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သီလရှင်နှစ်ပါးအား သီလရှင်ဝတ်စုံနှစ်စုံကို ပေးအပ်လှူဒါန်းသည်။

ရေအားလျှပ်စစ်စက်ရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ တာလန်ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ်စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ်စက်ရုံမှ တာလန်ရပ်ကွက်အတွက် 3 KV ဓာတ်အား ထုတ်လွှတ်ပေးလျက်ရှိကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လဟယ်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၏ လက်ဖက်ပျိုးဥယျာဉ်အတွင်းရှိ မဏိပူရလက်ဖက်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းအတွင်းရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များ၏ ပညာရေး၊ကျန်းမာရေး၊လူမှုရေး၊ သက်သာချောင်ချိရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသနေပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ရေး၊ လက်ဖက်၊ ကော်ဖီနှင့် နှစ်ရှည်သီးနှံပင်များကို တိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မီးပုံပွဲ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် လဟယ်မြို့ နာဂရိုးရာအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲသို့တက်ရောက်အားပေးကြပြီး လဟယ်မြို့တွင်ညအိပ်ရပ်နားကြသည်။

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် လဟယ်မြို့မှ ထွက်ခွာလာရာ ခန္တီးလေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာခရီးသွားလာနိုင်စေရန်အတွက် ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စီစဉ်ဆောင်ရွက်ပေးရာတွင် အစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ သွားလာနိုင်မည့် ခရီးစဉ်များအဖြစ် ရန်ကုန်–ကျိုက်ထီးရိုး–ရန်ကုန် (၁ည/၂ရက်) ခရီးစဉ်၊ ရန်ကုန်–ပုဂံ(ပုပ္ပား)–ရန်ကုန် (၃ ည/၄ ရက်)ခရီးစဉ်များကို ပုံမှန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါခရီးစဉ်များအပြင် အစုအဖွဲ့လိုက်ခရီးစဉ်များဖြစ်သည့် ရန်ကုန်–မြစ်ကြီးနား(မြစ်ဆုံ)– ရန်ကုန်(၂ည/၃ ရက်)ခရီးစဉ်၊ ရန်ကုန်–တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–ရန်ကုန် (၄ည/၅ရက်)ခရီးစဉ်၊ ရန်ကုန်–ကျိုင်းတုံ–မိုင်းလား–တာချီလိတ်–ရန်ကုန်(၄ည/၅ ရက်)ခရီးစဉ်၊ ရန်ကုန်–စစ်တွေ–မြောက်ဦး–ရန်ကုန်(၄ည/၅ရက်)ခရီးစဉ်၊ အပန်းဖြေခရီးစဉ်များဖြစ်သည့် ရန်ကုန်–ငွေဆောင်–ရန်ကုန်၊ ရန်ကုန်–ချောင်းသာ–ရန်ကုန်၊ ရန်ကုန်–ငပလီ–ရန်ကုန် စသည့်ခရီးစဉ်များလည်း စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

မော်တော်ယာဉ်သာ သီးသန့်ငှားရမ်းသုံးစွဲလိုသူများအတွက် အဆင့်မြင့်မော်တော်ယာဉ်များကို အမျိုးအစားအလိုက် ငှားရမ်းဆောင်ရွက်ပေးနေပြီဖြစ်ရာ အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ် (၇၇–၉၁)ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၈၅၉ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပြီး ယာဉ်သီးသန့်ငှားရမ်းလိုသူများအတွက် ဖုန်း–၆၆၄၄၇၂ သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ပိဋကတ်တော်အလှူပွဲ လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၇

သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော တိပိဋကစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်တော်မူသော သံဃာတော်များနှင့် သီလရှင်များအား မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလ (ဘီဘီအမ်အေ)အသင်း (၈၅)ကြိမ်မြောက် ပိဋကတ်တော်လှူပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် လမ်းမတော်မြို့နယ် အနော်ရထာလမ်း အမှတ် (၁၈၇/၁၈၉) (၁၄)လမ်းထိပ်တွင် ကျင်းပမည်ဖြစ်သည်။

အလှူရှင်များသည် ပိဋကတ်တော်စာအုပ်များနှင့် လက်ဆွဲသေတ္တာတစ်စုံ ကျပ်သုံးသောင်း၊ ဆွမ်းစရိတ်တစ်ပါးလျှင် ကျပ်တစ်ထောင်ဖြင့် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးစောဖေညွန့် ဖုန်း–၂၂၅၄၃၈ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ သာသနာ့နုဂ္ဂဟ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် စိန်နှင့်စန်း ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်လှဝင်း(ခ)ဦးလှဝင်း(သီရိသုဓမ္မ မဏိဇောတဓရ) အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က သာကေတမြို့နယ်၊ ၁၀တောင် သာသနာ့လင်္ကာရမ္မာရုံတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင် ဂုဏ်ပြုလွှာနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (က–ပ)

ဥရောပသမဂ္ဂနှင့် အမေရိကန်တို့ ပြည်ပကုန်သွယ်မှုကိစ္စ အငြင်းအခုန်ဖြစ်လျက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၁၆

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့တို့သည် သွင်းကုန်ပစ္စည်းများပေါ်တွင် ကောက်ခံသောအကောက်ခွန်များနှင့် ပတ်သက်၍ အဆင်မပြေဘဲ အငြင်းအခုံဖြစ်လျက်ရှိသည်။ ဥရောပသမဂ္ဂက ကျင့်သုံးနေသော အကောက်ခွန်စည်းမျဉ်းဆိုင်ရာများသည် တစ်ပြေးညီမဟုတ်ဘဲ မညီမမျှဖြစ်နေရာ ထိုလုပ်ရပ်သည် ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေသည်။ သို့ဖြစ်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)အနေဖြင့် အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးပေးပါရန် အမေရိကန်က တောင်းဆိုခဲ့သည်။

အနစ်နာဆုံး ခံစားနေရ

ဥရောပသမဂ္ဂအဖွဲ့သည် အကောက်ခွန်ဆိုင်ရာကိစ္စများတွင် တစ်ပြေးညီ မကျင့်သုံးဘဲ မညီမမျှ ကျင့်သုံးမှုများ ရှိနေကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။ အဆိုပါ အခြေအနေကြောင့် အမေရိကန်နိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများမှာ အနစ်နာဆုံး ခံစားနေကြရသည်ဟု ဆိုသည်။

ပြီးခဲ့သော မေလအတွင်းက အီးယူနိုင်ငံများသည် ဥရောပသမဂ္ဂကို ၁၅ နိုင်ငံသာရှိသော အဖွဲ့အစည်းအဖြစ်မှ ၂၅နိုင်ငံ ပါဝင်သော အဖွဲ့အစည်းအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ကြသည်။ ကုန်သွယ်ရေးကိစ္စများကို ဖြေရှင်းရန် ဥပရောပဘုံဈေးအဖွဲ့နှင့် အမေရိကန်တို့ပြောဆိုဆွေးနွေးခဲ့ရာ ပြေလည်မှုမရခဲ့သည့်အတွက် အမေရိကန်နိုင်ငံသည် ဥရောပအဖွဲ့၏ အကောက်ခွန်ကိစ္စများကို စုံစမ်းစိစစ်ပေးရန် ဒဗလျူတီအိုသို့ တောင်းခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မပြေမလည်ဖြစ်

အမေရိကန်နှင့်ဥရောပဘုံဈေးအဖွဲ့တို့သည် အဲယားဘတ်စ်လေယာဉ်နှင့် ဘိုးရင်းကုမ္ပဏီတို့၏ လေယာဉ်များကိစ္စများနှင့် ပတ်သက်၍လည်း မပြေမလည်ဖြစ်လျက်ရှိကြသည်။ အဲယားဘတ်စ်မှာ ဥရောပမှ ထုတ်လုပ်သောလေယာဉ်ဖြစ်ပြီး ဘိုးရင်းမှာအမေရိကန်မှ ထုတ်လုပ်သောလေယာဉ်ဖြစ်သည်။ အဲယားဘတ်စ်လေယာဉ်များကို ထုတ်လုပ်ရာ၌ ဥရောပနိုင်ငံအစိုးရများက အကူအညီပေးသည်ဟုဆိုသည်။

ထိပ်တိုက်မတွေ့

ဥရောပဘက်ကလည်း အမေရိကန် ဘိုးရင်းလေယာဉ်များသည် အမေရိကန်အစိုးရထံမှ အထောက်အပံ့များ ရထားသည်ဟု စွပ်စွဲကြသည်။ သို့ရာတွင် နှစ်ဘက်စလုံးသည် ထိုကိစ္စကို ဖြေရှင်းကြရာ၌ ထိပ်တိုက်မတွေ့ဘဲ ရှောင်ရှားလိုက်ကြသည်။

မကြာသေးမီအချိန်က ဥရောပသမဂ္ဂ၏ ကုန်သွယ်ရေးကော်မရှင်တွင် အကြီးအကဲအသစ်ပြောင်းလဲသွားသည်။ ကုန်သွယ်ရေးကော်မရှင် မဟာမင်းကြီး အသစ်မှာပီတာအက်ဒယ်လ်ဆင်ဖြစ်လာသည်။ ဥရောပနှင့် အမေရိကန်ကိုယ်စားလှယ်များသည် လေယာဉ်များကို အစိုးရထောက်ပံ့ကြေးပေးသည့်ကိစ္စကို ပြန်လည်ဆွေးနွေးကြရန် သဘောတူညီခဲ့ကြသည်။

၁၅၅ ဘီလီယံ

အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်ရေးပမာဏမှာ ၂၀၀၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅၅ ဘီလီယံ ရှိကြောင်း သိရသည်။

အမေရိကန်တို့က ဥရောပသမဂ္ဂတွင် မျှတသော အကောက်ခွန်စနစ် မရှိကြောင်း ပြောဆိုစွပ်စွဲခဲ့သည်။ ထိုသို့ ပြောဆိုနေသော်လည်း အမေရိကန်တို့ဘက်မှ ကိစ္စနှင့် ပတ်သက်၍ ခိုင်လုံသော အထောက်အထား မရှိဘဲ ပြောဆိုနေခြင်းသာဖြစ်သည်ဟု ဝါရှင်တန်ရှိ ဥရောပဘုံဈေးအဖွဲ့ ကိုယ်စားလှယ်က ပြောကြားသည်။

အချိန်ယူရမည်

ဥရောပသမဂ္ဂအပေါ် တိုင်တန်းချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ စုံစမ်းရန်ကိစ္စမှာ ချက်ချင်းလက်ငင်း အဖြေပေါ်မည်မဟုတ်ဘဲ လပေါင်းများစွာ အချိန်ယူလုပ်ဆောင်ရမည့်ကိစ္စဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

ဘာဆာရာမြို့တွင် မြစ်တွင်းကင်းလှည့်ရန် ပြင်ဆင်နေကြသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု ကန်တပ်ဖွဲ့ဝင်တစ်ဦး အပြစ်ရှိကြောင်း စစ်ခုံရုံးက ဆုံးဖြတ်

ဖို့ဝတ်ဟုဒ် (တက္ကဆက်) ဇန်နဝါရီ ၁၆

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ချားလ်စ်ဂရေးနားသည် အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင် နှိပ်စက်ညှဉ်းပန်းမှု အရှုပ်တော်ပုံတွင် အပြစ်ရှိသည်ဟု စစ်ဆေးတွေ့ရှိရကြောင်း သောကြာနေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

ယင်း အကျဉ်းထောင်ဓာတ်ပုံကြောင့် အမေရိကန်က အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အမေရိကန်အစိုးရ၏ ဂုဏ်သိက္ခာအား ကမ္ဘာတစ်ဝန်းထိခိုက်ကျဆင်းစေခဲ့သည်။

အဖွဲ့ဝင် ၁၀ဦးပါဝင်သည့် စစ်ဘက်ဆိုင်ရာ သမာဓိအဖွဲ့က အသက် ၃၆ နှစ်ရှိ အရပ်သားအကျဉ်း ထောင်စောင့်ဟောင်းတစ်ဦးအား စွပ်စွဲထားသည့် ပြစ်မှုများတွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်။

စီရင်ချက်ကိုဖတ်ကြားစဉ် ဂရေးနားဇ်သည် ရှေ့တူရူသို့ ကြည့်ကာ မလှုပ်မရှက်ပုံစံဖြင့် ကြည့်ရှုနေပြီး လက်သီးများကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်ရှိသည်။

စောဒကတက်

ခုံသမာဓိအဖွဲ့က ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု စွဲချက်နှင့် ပတ်သက်၍ လူသေဆုံးမှုမရှိခဲ့၍ ပြစ်ဒဏ်လျှော့ပေါ့ချမှတ်ခဲ့သည်။ တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ခဲ့သည့်ပြစ်မှုနှင့် စပ်လျဉ်း၍ အများဆုံးထောင်ဒဏ် ၁၇နှစ် စွဲချက်ချမှတ်ရာ ၁၅နှစ်သို့ လျှော့ချကာ ပြစ်ဒဏ်စီရင်ခဲ့သည်ဟု အစိုးရရှေ့နေ၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တာဝန်ကို ထမ်းဆောင်နေသူဖြစ်ကြောင်း စသည်ဖြင့် ဂရေးနားဇ်၏ ရှေ့နေက အပြီးသတ် လျှောက်လဲသွားသည်။ အစိုးရရှေ့နေက ဂရေးနားဇ်နှင့် အခြားတပ်ဖွဲ့ဝင်များသည် အမိန့်အရ မဟုတ်ဘဲ ၎င်းတို့၏ သဘောဖြင့် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ကြောင်း စောဒကတက် လျှောက်လဲသည်။

တရားခံသည် အဘူဂါရိပ် အကျဉ်းထောင်ရှိ စစ်ရဲတပ်ဖွဲ့ဝင်များအတွင်း ဖြစ်ပျက်ခဲ့သမျှကို လှုံ့ဆော်ပေးရာတွင် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မိုဆူးလ်မြို့တစ်နေရာတွင် တိုက်ခိုက်ခံရ၍ ပျက်စီးသွားသော လောင်စာသယ် ကားတစ်စီးကို ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။ (၂၀၀၄ ခုနှစ် ဇွန် ၂၈ ရက်တွင် အီရတ်ကြားဖြတ်အစိုးရ တာဝန်ယူပြီးနောက် အီရတ်တွင် ကားဗုံးပေါက်ကွဲမှုအရေအတွက်မှာ ၁၈၁ ကြိမ်ရှိသွားပြီဖြစ်ကြောင်းသိရသည်။) *(ဓာတ်ပုံ-အင်တာနက်)*

အီရတ် အနောက်ပိုင်းတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

ဘဂ္ဂဒက်မြို့တော်၏အနောက်ဘက်ရှိ မငြိမ်မသက်ဖြစ်နေသော အန်ဘာဒေသတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် ဇန်နဝါရီ ၁၄ ရက်နေ့တွင် တိုက်ခိုက်မှုနှင့် မသက်ဆိုင်သော မတော်တဆမှုကြောင့် သေဆုံးခဲ့ရကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်မှာ အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့မှဖြစ်ပြီး အန်ဘာပြည်နယ်တွင် လုံခြုံရေးနှင့်တည်ငြိမ်ရေးဆောင်ရွက်နေစဉ် သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။

ထုတ်ဖော်ထားခြင်းမရှိ

အဆိုပါအဖြစ်အပျက်နှင့် ပတ်သက်၍ စုံစမ်းနေဆဲဖြစ်ကြောင်းသာဖော်ပြထားပြီး အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ထားခြင်းမရှိကြောင်း သိရသည်။

အမေရိကန်တို့ ခေါင်းဆောင်ကာ အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ကြသော ၂၀၀၃ ခုနှစ် မတ်လမှစ၍ ယနေ့အချိန်အထိ အီရတ်စစ်မြေပြင်တွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၃၆၀ ဦးမျှ ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ခုခံတိုက်ခိုက်ရေးသမားများက အထက်တန်း အရာရှိတစ်ဦးအား သတ်ဖြတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

လက်နက်ကိုင်များက ဘဂ္ဂဒက်ရဲဌာနမှ ဒုတိယအကြီးအကဲနှင့် ၎င်း၏သားအား ယနေ့ လုပ်ကြံသတ်ဖြတ်ရာ ဘဂ္ဂဒက် အထက်တန်းအရာရှိတစ်ဦးအား ငါးရက်ကြာကာလအတွင်းဒုတိယအကြိမ်သတ်ဖြတ်လိုက်ခြင်းဖြစ်သည်။ ဇန်နဝါရီ ၃၀ရက်မတိုင်မီ တွန်းလှန်တိုက်ခိုက်ရေးသမားများက အီရတ်ထိပ်တန်းအရာရှိများအား ဆက်လက်တိုက်ခိုက်နေကြခြင်းဖြစ်သည်။

ပြောကြား

ရဲတပ်ဖွဲ့၏ဒုတိယအကြီးအကဲဖြစ်သူ ရဲမှူးချုပ် အမားနီယက်နှင့် ၎င်း၏သားတို့သည် ဘဂ္ဂဒက်တောင်ပိုင်းရှိ ၎င်းတို့၏ နေအိမ်မှထွက်ခွာသွားစဉ် အသတ်ခံရခြင်းဖြစ်သည်။ ၎င်းတို့ သေဆုံးပြီးခဲ့သည့်နောက် အသေခံ ဗုံးဖောက်ခွဲသူတစ်ဦးက ဘဂ္ဂဒက်တောင်ပိုင်းရှိ ရဲဌာနအဆောက်အအုံ၏ နံရံတိုင်းများကို ဗုံးဖြင့်အသေခံဖောက်ခွဲသဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှ အကြီးအကဲတစ်ဦးက ပြောကြားသည်။

တွန်းလှန်တိုက်ခိုက်ရေးသမားများက အင်အားပြင်းထန်သည့် လမ်းဘေးဗုံး အသုံးပြု၍ အမေရိကန်တပ်ဖွဲ့မှ ဘရက်ဒလေတိုက်ခိုက်ရေးယာဉ်အား လေးရက်အတွင်း ဒုတိယအကြိမ် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ ကင်းလှည့်စဉ် တိုက်ခိုက်ခံခဲ့စဉ် နှစ်ဦးသေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိသည်။ ဇန်နဝါရီ ၆ရက်ကလည်း အခြားလမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဘရက်ဒလေတိုက်ခိုက်ယာဉ်အတွင်း လိုက်ပါလာသည့် တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ရသည်။

တွန်းလှန်တိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များ၏ သံချပ်ကာ ကားနှင့်လက်နက်များအား တုန့်ပြန် နှိမ်နင်းရန် ကြိုးပမ်းသည့်အနေဖြင့် အင်အားပြင်းထန်သော အိမ်လုပ်ဗုံးများကို အသုံးပြုနေကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာထိပ်တန်း တာဝန်ရှိပုဂ္ဂိုလ်များက သတိပေးပြောကြားသည်။ ***အင်တာနက်။***

အေသင်မြို့အနီးတွင် ဆေးခြောက် ခြောက်တန် သိမ်းဆည်းရမိ

အေသင် ဇန်နဝါရီ ၁၆

ဂရိရဲတပ်ဖွဲ့သည် အေသင်မြို့အနီး ပီရာယုစ်ဆိပ်ကမ်းရှိ ကုန်လှောင်ရုံတစ်ခုကို ဝင်ရောက်စီးနင်းရာ ဆေးခြောက် ခြောက်တန်ခန့်ကို သိမ်းဆည်းရမိပြီး ဗြိတိသျှလူမျိုးတစ်ဦးကိုလည်း ဖမ်းဆီးရမိလိုက်ကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

၎င်းဆေးခြောက်ပမာဏမှာ ဂရိနိုင်ငံတွင် ခုနစ်နှစ်ကျော် ကာလအတွင်း အများဆုံးသိမ်းဆည်းရမိခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များသည် ကြာသပတေးနေ့တွင် ပီရာယုစ်ရှိ ကုန်လှောင်ရုံကို ဝင်ရောက်စီးနင်းရာ ဆေးခြောက်များထည့်ထားသော ကတ်ထူဘူး ၁၅၀ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကတ်ထူဘူးများပေါ်တွင် အတွင်းဘက်၌ ခရမ်းချဉ်သီး အနှစ်များပါသည်ဟု ပါကစ္စတန်ဘာသာဖြင့် ရေးသားထားသည်။ ဆေးခြောက်များကို တစ်ကီလိုဝင်အထုပ်များဖြင့် ထုပ်ထားခြင်းဖြစ်သည်။ ဖမ်းဆီးရမိသော ဗြိတိသျှလူမျိုးမှာ ဒူဘိုင်းမြို့မှ ဂရိသို့ ဇန်နဝါရီ ၁၃ရက်တွင် ရောက်ရှိလာခြင်းဖြစ်သည်ဟုသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရေခန်းခြောက်သွားသော သဲကန္တာရ ရေလှောင်တမံကြီးအတွင်း ရေများ ပြန်လည်ဝင်ရောက်

လန်ဖောင်း ဇန်နဝါရီ ၁၆

တရုတ်နိုင်ငံ ကန်စုပြည်နယ်တွင်ရှိသော ဟောင်ရန်ရှင်း ရေလှောင်တမံမှာ အာရှတိုက်ရှိ သဲကန္တာရများအတွင်း အကြီးမားဆုံးသော ရေလှောင်တမံကြီးတစ်ခုဖြစ်သည်။ အဆိုပါ ရေလှောင်တမံတွင် ရေများခန်းခြောက်သွားပြီးနောက် ပြီးခဲ့သောနှစ်တွင် ရေများပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

ဟောင်ရန်ရှင်း ရေလှောင်တမံသို့ ပြန်လည် ဝင်ရောက်လာသော ရေပမာဏမှာ ကုဗမီတာ ၃၂သန်းရှိကြောင်း သိရသည်။ ထိုရေလှောင်တမံ၏ အမြင့်ဆုံး ရေသိုလှောင်နိုင်သော ပမာဏမှာ ကုဗမီတာ သန်းပေါင်း ၉၉ ဒသမ ၃ သန်းရှိသည်။ ယင်းတမံကြီးကို မင်ကွင်းခရိုင်တွင် ၁၉၅၈ ခုနှစ်ကစ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရေလှောင်တမံသည် ရေအပြည့် အနေအထားတွင် ရှိပါက လယ်ယာမြေဟက်တာ ခြောက်သောင်းကို ရေပေးဝေနိုင်သည်။

သဘာဝပတ်ဝန်းကျင် ပြောင်းလဲယိုယွင်းမှုနှင့် မိုးနည်းပါးလာမှုတို့ကြောင့် အဆိုပါ ရေလှောင်တမံကြီးမှာ ၂၀၀၄ ခုနှစ် ဖွန်လတွင် ပထမဦးဆုံး အကြိမ်အဖြစ် ရေများ ခန်းခြောက်သွားရသည့်အဖြစ်နှင့် ကြုံရသည်။

သက်ဆိုင်ရာ အာဏာပိုင်များသည် ဟောင်ရန်ရှင်း ရေလှောင်တမံကြီး ရေပြန်ပြည့်လာစေရန် ဖြစ်နိုင်သမျှ နည်းလမ်းများကိုအသုံးပြု၍ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြစ်ဖြစ်သော မြစ်ဝါမြစ်မှ ရေများကို ရေလှောင်တမံအတွင်းသို့ သွယ်ယူခြင်း၊ ရေလှောင်တမံ၏ အထက်အရပ်ရှိ ရှင်ယန်ကီဒေသမှ ရေရရှိနိုင်ရန် ကြိုးပမ်းခြင်းတို့ပြုလုပ်ခဲ့သည်။ အဆိုပါအရပ်များသည်ရေလှောင်တမံအတွင်းသို့ ရေများအဓိက ဝင်ရောက်ရာ ဒေသများဖြစ်သည်။

မင်ကွင်းခရိုင်သည် သဲမုန်တိုင်းများ ကျရောက်ရာ ဒေသဖြစ်သည်။ သဲကန္တာရ မြေများလည်း တိုး၍ ကျယ်ပြန့်လာသော ဒေသဖြစ်၍။ သို့ဖြစ်၍ သဲကန္တာရမြေ တိုးချဲ့လာမှုကို တိုက်ဖျက်ရန်အတွက် ဟောင်ရန်ရှင်း ရေလှောင်တမံကြီးကို ရေများ ပြန်လည်ဝင်ရောက်လာရေးမှာ အထူးအရေးကြီးသောကိစ္စဖြစ်ကြောင်း သဲကန္တာရ တိုက်ဖျက်ရေး ကျွမ်းကျင်သူများက ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရိုးရာနဂါးအက

တရုတ်နိုင်ငံ ပေကျင်းမြို့ ရိုးရာ နဂါးအကအဖွဲ့ ရိုးရာကပွဲဆင်နွှဲရန် ထွက်ခွာလာသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂြိုဟ်တုနှစ်လုံး အိန္ဒိယလွှတ်တင်မည်

နယူးဒေလီ ဇန်နဝါရီ ၁၆

အိန္ဒိယနိုင်ငံသည် အာကာသအတွင်းသို့ ဂြိုဟ်တုနှစ်လုံးလွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဂြိုဟ်တုတစ်လုံးမှာ မြေပုံများထုတ်လုပ်ရာ၌ လိုအပ်သည့်ဓာတ်ပုံများ ရိုက်ကူးနိုင်ရန်နှင့် အခြားဂြိုဟ်တုတစ်လုံးမှာ ဘက်စုံသုံးရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရန်ဖြစ်ကြောင်း အိန္ဒိယအေရှန်သတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယ အာကာသသုတေသနအဖွဲ့သည် မြေပုံထုတ်လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ အသုံးဝင်စေမည့် ဂြိုဟ်တုဓာတ်ပုံများအတွက် အဆင့်မြင့်နည်းပညာသုံး ကင်မရာများ တပ်ဆင်ထားသည့် ကာရိုဆက်-၁ ဂြိုဟ်တုကို လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသအေဂျင်စီအကြီးအကဲ မက်ဟာဗန်နိုင်ယာက ပြောကြားသည်။

လွှတ်တင်မည်

အိန္ဒိယနိုင်ငံသည် အဆိုပါဂြိုဟ်တုကို လွှတ်တင်ပြီးနောက် အခြားသော ဂြိုဟ်တုတစ်လုံးဖြစ်သည့် အင်ဆက်-၄ အေ အမျိုးအစား ဂြိုဟ်တုကို ဆက်လက် လွှတ်တင်မည်ဖြစ်ကြောင်း နိုင်ယာက ပြောကြားသည်။

ကာရိုဆက်-၁ ဂြိုဟ်တုကို အင်ဒရာပရာဒေ့ရှ်ပြည်နယ် သီရိဟာရီကိုတာမြို့ရှိ ဆာတစ်ဒါဝန် အာကာသဌာနမှနေ၍ ပြည်တွင်းဖြစ် ဂြိုဟ်တုလွှတ်တင်ရေးယာဉ်ဖြင့် အာကာသအတွင်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း အာကာသ သုတေသနအဖွဲ့ဥက္ကဋ္ဌဖြစ်သူ နိုင်ယာက ပြောကြားသည်။

မိမိတို့သည် ကာရိုဆက်-၁ဂြိုဟ်တုကို မတ်-ဧပြီကာလတွင် လည်းကောင်း၊ အင်ဆက်-၄အေ ဂြိုဟ်တုကို မေ-ဇွန်ကာလတွင် လည်းကောင်း လွှတ်တင်မည်ဖြစ်ကြောင်း၊ အင်ဆက်-၄ အေ ဂြိုဟ်တုကို ပြင်သစ် ဂိုင်ယာနာရှိ အာကာသစခန်းမှနေ၍ ဥရောပ အာကာသအေဂျင်စီ၏ အာကာသဒုံးပျံယာဉ်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း နိုင်ယာက ဆက်လက်ပြောကြားသည်။

ပေးပို့နိုင်

အိန္ဒိယ အာကာသသုတေသနအဖွဲ့သည် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုဖြစ်ရပ်များနှင့် ပတ်သက်၍ လိုအပ်သော သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ရန် ဂြိုဟ်တုဓာတ်ပုံများကို ရိုက်ကူးကာ သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ပေးပို့နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

၂၀၀၅ ခုနှစ်အတွင်း တရုတ်နိုင်ငံတွင် ရထားလမ်းစီမံကိန်းအသစ် (၅၈)ခု စတင်ဖောက်လုပ်မည်

ပေကျင်း ဇန်နဝါရီ ၁၆

တရုတ်ပြည်က ၂၀၀၅ ခုနှစ်အတွင်း ရထားလမ်းဖောက်ရန် ယွမ်ပေါင်း ၁၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ယင်းပမာဏမှာ ၂၀၀၄ ခုနှစ်အတွင်းက ရင်းနှီးမြှုပ်နှံမှုထက် နှစ်ဆဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီး လျူကဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရထားပို့ဆောင်ရေးဆိုင်ရာ သုံးရက်ကြာ အစည်းအဝေးတွင် ဝန်ကြီးလျူက ပြောကြားရာ၌ ၂၀၀၅ ခုနှစ်တွင် စီမံကိန်းသစ် ၅၈ ခု စတင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

ရထားပို့ဆောင်ရေးဝန်ကြီးက ရထားလမ်းသစ် ၇၁၄ ကီလိုမီတာ အသွားအပြန် အပြိုင် မီးရထားလမ်း ၅၂၃ ကီလိုမီတာနှင့် လျှပ်စစ်ဓာတ်ရထားလမ်း ၈၇၅ ကီလိုမီတာကို အပြီး ဖောက်လုပ်ပြီးစီးမည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဈေးနှုန်းချိုဆေးဝါး

မူပိုင်ခွင့်သက်တမ်း ကုန်ဆုံးသွားပြီဖြစ်သော ဆေးဝါး အများအပြားကို ဈေးနှုန်းချိုစွာဖြင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နေသည့် အိန္ဒိယနိုင်ငံထုတ် ဆေးဝါးများကို အိန္ဒိယနိုင်ငံ ဆေးဆိုင်တစ်ဆိုင်၌ တွေ့ရစဉ်။

(ယင်းဆေးဝါးများသည် ကမ္ဘာ့ချို့တဲ့သော လူဦးရေအတွက် များစွာအကျိုးရှိသည်ဟု ဆိုသည်။)

(ဓာတ်ပုံ-အင်တာနက်)



နိုင်ငံတကာသတင်းများ

ပင်လယ်ရပ်ခြားရောက် ဖိလစ်ပိုင်အလုပ်သမားများ ငွေလွှဲပေးပို့မှု ၁၁ ရာခိုင်နှုန်း တိုးမြင့်လာ

မနီလာ ဇန်နဝါရီ ၁၆

ပင်လယ်ရပ်ခြားနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်နေကြသည့် ဖိလစ်ပိုင်လူမျိုး အလုပ်သမားများ၏ ပြန်လည်လွှဲပြောင်းပေးပို့ငွေ ပမာဏမှာ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ၂၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာသန်း ၇၄၀ အထိ ရောက်ရှိကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်က သောကြာနေ့တွင် ပြောကြားသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိဖြစ်သော ၁၁ လတာ ကာလတွင် ပြည်ပရောက် ဖိလစ်ပိုင် အလုပ်သမားများ၏ ပြန်လည်လွှဲပြောင်းပေးပို့ငွေမှာ အမေရိကန် ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိလာကြောင်း၊ ၂၀၀၃ ခုနှစ် အလားတူကာလက လွှဲပို့ငွေဖြစ်သည့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံနှင့် နှိုင်းယှဉ်ကြည့်ပါက ၁၁ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဗဟိုဘဏ်က ပြောကြားသည်။

ပိုမိုတိုးတက်

၂၀၀၄ ခုနှစ် တစ်နှစ်တာ ကာလပတ်လုံးအတွက် ပြန်လည်လွှဲပြောင်းပေးပို့ငွေ ၆ ရာခိုင်နှုန်း တိုးတက်ရန်ဟူသော ရည်မှန်းချက်ထက် ပိုမိုတိုးတက်မှုရှိကြောင်း ဗဟိုဘဏ်က ဆက်လက်ပြောကြားသည်။

လွှဲပြောင်းငွေ

ပင်လယ်ရပ်ခြားရောက် ဖိလစ်ပိုင် လုပ်သားများက မိခင်နိုင်ငံထံသို့ ပေးပို့သည့် လွှဲပြောင်းငွေပမာဏ မြင့်မားလာရခြင်းသည် ပြည်ပတွင် ဖိလစ်ပိုင် အလုပ်သမားများ အလုပ်လုပ်ကိုင်နိုင်ခွင့် ပိုမိုရရှိလာခြင်းကြောင့် လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များက ဈေးကွက် တိုးချဲ့ရေး လှုပ်ရှားမှုအစီအစဉ်များကို တိုးတက်အကောင်အထည် ဖော်နိုင်ခြင်းကြောင့်လည်းကောင်း၊ အလုပ်သမားများ၏ နှစ်သစ်ကူး အားလပ်ရက်ကာလအတွင်း လွှဲပြောင်းပေးပို့ငွေ တိုးတက်လာခြင်းကြောင့်လည်းကောင်း ဖြစ်ကြောင်း ဗဟိုဘဏ်က ပြောကြားသည်။

လုပ်သားဦးရေ

၂၀၀၄ ခုနှစ် ပထမ ၁၁ လတာ ကာလတွင် ပြည်ပသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်သော ဖိလစ်ပိုင်လူမျိုး လုပ်သားဦးရေသည် ၂၀၀၃ ခုနှစ်ကထက် ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ယင်းသို့သော လုပ်သား ဦးရေသည် ၈၀၁၃၅၁ ဦးရှိခဲ့ရာမှ လွန်ခဲ့သည့်နှစ်တွင် ၈၁၁၇၇၃ အထိ ပိုများလာကြောင်း အစိုးရက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကျွန်းနိုင်ငံများ ဖွံ့ဖြိုးရေးအတွက် အားပေးကူညီမည် မောရစ်သျှတွင်ကျင်းပသည့် ကုလ ညီလာခံကြေညာချက်ထုတ်ပြန်

ပို့လူးဝစ္စ ဇန်နဝါရီ ၁၆

ကျွန်းနိုင်ငံငယ်များ၏ အနာဂတ်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံမှာ သောကြာနေ့က ပြီးစီးသွားပြီ ဖြစ်သည်။ ကျွန်းနိုင်ငံငယ်များကို သဘာဝကပ်ဘေး ဆိုက်ရောက်မှုများမှ ရှောင်လွှဲနိုင်စေရေးအတွက် အကူအညီများပေးရန် ကတိပြုလျက် ငါးရက်ကြာ ညီလာခံကို အဆုံးသတ်လိုက်သည်။

ကျွန်းနိုင်ငံငယ်များ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးမဟာဗျူဟာများကို နည်းပညာနှင့် ဘဏ္ဍာရေးအရ အကူအညီပေးမှု၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် အကူအညီပေးမှုတို့ ပြုလုပ်သွားရန် နိုင်ငံတကာ အသိုက်အဝန်းက ထပ်လောင်းကတိပြုကြောင်း မောရစ်သျှ ကြေညာချက်ဟု အမည်ပေးထားသော ကြေညာချက်တွင် ဖော်ပြထားသည်။

မောရစ်သျှနိုင်ငံတွင် ကျင်းပပြီးစီးသွားသော ကုလသမဂ္ဂ ညီလာခံ၌ လွန်ခဲ့သည့် ၁၀ နှစ်က ဘာဗေဒိုတွင် ချမှတ်နိုင်ခဲ့သော ကျွန်းနိုင်ငံငယ်များ ဖွံ့ဖြိုးရေး ရေ့လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

မောရစ်သျှတွင်ကျင်းပသော ကုလသမဂ္ဂ ညီလာခံသို့ တက်ရောက်သည့် နိုင်ငံများအနက် နိုင်ငံ ၄၀ ခန့်သည် သဘာဝကပ်ဘေး ဆိုက်ရောက်မှုများနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုတို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိသည့် နိုင်ငံများဖြစ်ကြသည်။

ကာရစ်ဘီယံနှင့် ပစိဖိတ်သမုဒ္ဒရာတို့တွင် မကြာသေးမီက ဖြစ်သော ဟာရီကိန်းရာသီအတွင်း တွေ့ကြုံခဲ့ရသည့် ကပ်ဘေးဆိုက်ရောက်မှုများကို တုံ့ပြန်လျက် သဘာဝဘေးအန္တရာယ် တားဆီးရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်သွားကြရန် အဆိုပါ ကြေညာချက်၌ ဖော်ပြထားသည်။

သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးထိခိုက်ရမှု လျော့ချနိုင်စေရန် ကြိုတင်သတိပေးရေးစနစ်များ ချမှတ်ဆောင်ရွက်ရန်လည်းကောင်း၊ အရေးပေါ် ကယ်ဆယ်ရေး အကူအညီပေးရေး လုပ်ငန်းများ ထိရောက် အောင်မြင်စေရန်လည်းကောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး စွမ်းပကားများ မြင့်မားတိုးတက်စေရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရွှေသာသနာ ရွှေမြန်မာ ရွှေညီလာ (၂)

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

ရွှေသာသနာကို ရွှေမြန်မာမှတစ်ဆင့် ကမ္ဘာတစ်ခွင် မြေပြင်တစ်လွှား ပြန့်ပွားထွန်းကားစိမ့်သောငှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပအပ်သည့် ရွှေညီလာဟုဆိုအပ်သော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသက ဖတ်ကြားတော်မူရာတွင် **"ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံးတို့ စည်းလုံးညီညွတ်စွာဖြင့် သာသနာရေးသာသနာ့မှုကိစ္စများကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါက ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် ဤကမ္ဘာတစ်ဝန်းလုံး၌ နေတစ်ထောင် လတစ်ထောင်ပမာ ထွန်းလင်းတောက်ပလျက် ကာလရှည်ကြာ တည်နေမည်သာဖြစ်ပါသည်"**ဟူသော စကားရပ်ဖြင့် စည်းလုံးခြင်းအင်အား၊ ပေါင်းစည်းခြင်းအင်အားတို့ကို ထင်ရှားစွာ မီးမောင်းထိုးပြတော်မူ၏။

ထို့ပြင် ယနေ့ကမ္ဘာကြီး ဒုက္ခဆိုက်နေပုံနှင့် ယင်းဒုက္ခမှ လွတ်မြောက်နည်းကို ဤသို့ ထင်းထင်းထင် မိန့်ကြားတော်မူ၏။

"ယခုအခါ သတ္တလောကဟု ခေါ်ဆိုအပ်သော ကမ္ဘာသူ၊ ကမ္ဘာသားအများစုကြီးသည် ရာဂမီး၊ ဒေါသမီးတို့ တညီးညီးတပြောင်ပြောင် အလောင်အမြိုက်ခံနေရခြင်းကြောင့် ဘေးဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံနေကြရပေသည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ရေအေးဖြင့် ငြိမ်းသတ်နိုင်မှသာ ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းရေး ရနိုင်ပေလိမ့်မည်"

ထို့နောက် ဆရာတော်ကြီးက ငြိမ်းချမ်းရေးစကားလုံးကို နှုတ်နှင့် အော်ဟစ်နေရုံမျှဖြင့် အကောင်အထည်ပေါ်လာမည်မဟုတ်ဘဲ အမှန်တကယ် ရာဂ၊ ဒေါသ၊ မောဟမီးများကို ငြိမ်းသတ်ခြင်းဖြင့်သာ ကမ္ဘာလောကကြီး ငြိမ်းချမ်းမည်ဖြစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရမည်ဖြစ်ကြောင်း မြွက်ကြားကာ ဤသို့ ဆော်သြတော်မူပါ၏။

"ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အားလုံးတို့သည် ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောသော ကမ္ဘာကြီးအဖြစ်သို့ ရောက်အောင် မိမိတို့ကိုယ်တိုင်လည်း ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင်ရေစင်ရေအေးဖြင့် တတ်စွမ်းသမျှ ငြိမ်းသတ်ကြ၍ ကမ္ဘာသူ၊ ကမ္ဘာသားအများစုတို့လည်း ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် ငြိမ်းသတ်နိုင်ကြစေရန် သာသနာတော်၏ အနှစ်အမြုတေဖြစ်သော အရိယမဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ်အကျင့်မြတ်ကို ကမ္ဘာအနှံ့ ပြန့်ပွားအောင် စုစည်းညီညာစွာဖြင့် အားထုတ်ကြစေလိုပါသည်"

ထိုမှတစ်ပါး လာအိုနိုင်ငံ လာအိုဗုဒ္ဓဘာသာ သင်္ဂဟအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဝိချစ်သဃံရာဇ် အရှင်သူမြတ်ကလည်း သဝဏ်လွှာပေးပို့ခဲ့ရာဝယ် သဝဏ်လွှာ၌ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံမှာ ကျင်းပသည့်အတွက် များစွာနှစ်ထောင်းအားရဖြစ်ကာ ဂုဏ်ပြုချီးကျူးပါကြောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးခေါင်းဆောင်များစုဝေး၍ လူသားအားလုံး၏ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ သွေးစည်းညီညွတ်ရေးနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့ တိုးတက်မြင့်မားလာစေရေးအတွက် ဗုဒ္ဓမြတ်စွာ၏ ဆုံးမသွန်သင်ညွှန်ပြချက်များ ပိုမိုပြန့်ပွားစေရန် ကမ္ဘာတစ်ဝန်းလုံးသို့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရာတွင် မည်သို့ မည်ပုံဆောင်ရွက်သင့်ကြသည်ကို ဆွေးနွေးတိုင်ပင် အမြင်ချင်းဖလှယ်နိုင်ကြမည်ဖြစ်ကြောင်းတို့ကို ထည့်သွင်းရေးသားချီးမြှင့်တော်မူပါသည်။

(ခ)

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနား၌ ပဓာနအကျဆုံးဖြစ်သော မူဝါဒဆိုင်ရာမိန့်ခွန်း(Keynote Speech)ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက မြွက်ကြားရာ ယင်းမိန့်ခွန်းသည် စိတ်ဝင်စားဖွယ်၊ ဉာဏ်ဝင်စားဖွယ်ဖြစ်လေတော့၏။

"ရွှေရောင်လွှမ်းတဲ့ မိမိတို့ မြန်မာ့မြေပေါ်က ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွှေရောင်စေတီပုထိုးများ၊ ရွှေရောင်လယ်ကွင်းများနဲ့ ရွှေရောင်တရားဓမ္မတို့ကြောင့် ဒီနိုင်ငံကို ရွှေနိုင်ငံလို့ မိမိတို့ တင်စားခေါ်ဆိုကြပါတယ်"

ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီပညာရှင်များ၊ တက်ရောက်ကြသူများအားလုံးတို့၏ စိတ်မျက်လုံးများထဲသို့ ရွှေတိဂုံစေတီတော်ကြီးကိုလည်းကောင်း၊ တစ်မျှော်တစ်ခေါ် ကွင်းလုံးဝင်း လယ်ကွင်းပြင်များကိုလည်းကောင်း၊ အရိယမဂ္ဂင်အထွတ်တပ်သည့် မေတ္တာတရား၊ ကရုဏာတရား၊ ခန္တီတရားစသော ဓမ္မတို့ကိုလည်းကောင်း သိမ်မွေ့စွာ သွင်းလိုက်သည့် စကားလုံးများဖြစ်ပါ၏။ အမှန်တော့ ယင်းမူဝါဒမိန့်ခွန်းကိုယ်နှိုက်ကပင် ရွှေမိန့်ခွန်းဖြစ်ပါ၏။

ကြည့်ပါ။

(၁) ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးပွားလာစေဖို့၊

(၂) ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ဗုဒ္ဓဘုရားရှင်(ဟောကြားခဲ့တဲ့) အဆုံးအမတော်တွေနဲ့ (ဘုရားရှင်လမ်းညွှန်ခဲ့တဲ့)ကျင့်စဉ်တွေကို ထိန်းသိမ်းထားဖို့၊

(၃) ကမ္ဘာ့နိုင်ငံတွေမှာ ပိဋကတ်စာပေ လေ့လာသင်ကြားတာကို အခြေပြုတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ ပညာရေးထွန်းကားလာစေဖို့၊

(၄) ဗုဒ္ဓဘာသာဝင်တို့က ငြိမ်းချမ်းတဲ့ ကမ္ဘာလောကကြီး ဖော်ဆောင်ဖန်တီးနေတာကို အထောက်အကူပြုဖို့၊

(၅) ဗုဒ္ဓဘုရားရှင်ရဲ့ မူလအဆုံးအမတော်တွေကို ကမ္ဘာတစ်ဝန်းမှာ ပြန့်ပွားလာစေဖို့

ယင်း ငါးရပ်သည် ဤကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်ပင် ဖြစ်တော့သည်။ ကျယ်ပြန့်စွာ လှုပ်ရှားနိုင်သည့်မှုသဘောပင်ဖြစ်တော့သည်။ ဆက်စပ်စဉ်းစားသုံးသပ်နိုင်ရန် မိန့်ခွန်းပါ စာသားတစ်ခုကို တိုက်ရိုက်ထုတ်ဆောင်ပြပါမည်။

"ဗုဒ္ဓဝါဒီအမျိုးမျိုးက မတူညီသော အစဉ်အလာဝါဒတွေကို လက်ခံကျင့်သုံးနေကြပေမယ့် အရိယမဂ်၊ အရိယသစ္စာတို့နဲ့ပတ်သက်ပြီး အငြင်းပွားခြင်းမရှိပါ။ ဒါက ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်တစ်ရပ်ဖြစ်ပါတယ်"

ဤတွင် ထပ်မံ၍ စဉ်းစားသုံးသပ်နိုင်ရန်နှင့် ဉာဏ်ဖြင့် လက်ခံနိုင်ရန် ကောက်နုတ်ဖော်ပြဖွယ်စကားတစ်ရပ်ကို ထုတ်နုတ်တင်ပြပါဦးမည်။ ယင်းစကားရပ်မှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်ပွဲနေ့ (၂၀၀၄ ဒီဇင်ဘာ ၁၁)၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသ မိန့်ကြားခဲ့သော နိဂုံးချုပ်သြဝါဒကထာ၌ ပါရှိသည့် သြဝါဒတော်ဖြစ်ပါ၏။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ထေရဝါဒ၊ မဟာယာန၊ ဝဇိရာယာနဆိုတဲ့ နာမည်ပညတ်ချက်တွေမပါဘဲ ဗုဒ္ဓဘာသာဝင်အားလုံး တစ်ဖွဲ့တည်းဖြစ်လာဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ဂိုဏ်းအားလုံးနဲ့ သက်ဆိုင်တဲ့ ဗုဒ္ဓရဲ့ တရားတော်တွေ ရှိပြီးတော့ ဒီတရားတော်တွေကို ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရားဒေသနာတော်တွေအဖြစ် ဗုဒ္ဓဘာသာဝင်အားလုံး (အနိုင်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အားလုံး)က လက်ခံကောင်းလက်ခံနိုင်ကြမှာပါ။ ဒီတရားတော်တွေကို ဦးတည်ပြီး

> **ရွှေသာသနာကို ရွှေမြန်မာမှတစ်ဆင့် ကမ္ဘာတစ်လွှား ထွန်းကားပြန့်ပွား စိမ့်သောငှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပအပ်သော ရွှေညီလာဟု ဆိုအပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ အသံသည် နဘံရိုက်ဟည်း ကမ္ဘာကြီးကို လွှမ်းသွားမည်သာ ဖြစ်ပါတော့၏။**

မိမိတို့နိုင်ငံတွေမှာရော ပြည်ပနိုင်ငံများမှာပါ ကမ္ဘာတစ်ဝန်း ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ဆောင်ရွက်ကြရမှာပါ။

"သစ္စာလေးပါးတရားတော်ကို သာဓကပြလိုပါတယ်။ ဒီတရားတော်ကို မြတ်ဗုဒ္ဓရဲ့ စစ်မှန်တဲ့တရားဒေသနာတော်ဖြစ်တယ်လို့ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက ယုံကြည်လက်ခံထားကြပါတယ်။ ဒါကြောင့် ဒီတရားတော်ကို ကမ္ဘာတစ်ဝန်း ပျံ့နှံ့အောင် ဟောကြားကြဖို့အတွက် မိမိတို့ ပူးပေါင်းဆောင်ရွက်နိုင်ကြမှာပါ။

"သစ္စာလေးပါးထဲက တစ်ပါးဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကလည်း အရေးပါတဲ့ တရားဖြစ်လို့ မိမိတို့ကိုယ်တိုင် အရင်ကျင့်ကြံပြီး ကမ္ဘာတစ်ဝန်း ဟောကြားကြရမှာ ဖြစ်ပါတယ်။ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ တရားတော်တွေကလည်း ဗုဒ္ဓဘာသာဝင်တွေအားလုံး လက်ခံတဲ့ တရားတော်တွေ ဖြစ်ပါတယ်။ မိမိတို့အားလုံး သဘောတူလက်ခံကြလို့ ဒီတရားတော်တွေကိုလည်း ဟောကြားနိုင်ကြမှာဖြစ်ပါတယ်။

"ပိုးမွှားလေးတွေအထိ ခြွင်းချက်မထားဘဲ မေတ္တာ၊ ကရုဏာထားဖို့ဆိုတဲ့ မေတ္တာတရားတော်ကလည်း မြတ်ဗုဒ္ဓရဲ့ ထင်ရှားတဲ့တရားတော်ဖြစ်ပြီး မိမိတို့ ကမ္ဘာတစ်ဝန်း ဟောကြားနိုင်ကြမှာ၊ ဟောကြားကြမှာ ဖြစ်ပါတယ်။ အရင်ဆုံး မိမိကိုယ်တိုင် ကျင့်သုံးပြီးမှ ကမ္ဘာတစ်ဝန်းဟောကြားကြရမှာပါ။ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက လက်ခံတဲ့ တခြားတရားတော်တွေလည်း ရှိပါတယ်။ အဲဒီတရားတော်တွေကိုလည်း ဟောကြားဖို့ ကြိုးစားကြရမှာပါ။

"အားလုံးနဲ့သက်ဆိုင်တဲ့ တရားတော်တွေဖြစ်တဲ့ ဗုဒ္ဓဘာသာတရားတော်တွေနဲ့ ကမ္ဘာလောကကြီးကို ငြိမ်းချမ်းရေးနဲ့ သဟဇာတရှိမှု ထွန်းကားတဲ့ နေရာတစ်ခုအဖြစ် ဖန်တီးနိုင်မှာဖြစ်ပါတယ်"

ဆရာတော်ကြီး နှစ်ပါး မိန့်ကြားကြသည့် မိန့်ခွန်းများ၌ ပါရှိသည့် ဖော်ပြပါအချက်အရပ်တို့ကို ဆက်စပ်စဉ်းစားဉာဏ်ပွားခြင်းဖြင့် တစ်စုံတစ်ခုသော အလင်းဓာတ် (သို့မဟုတ်) တစ်စုံတစ်ခုသော အဖြေမှန် ဧကန်မြင်သိ ထိတွေ့ရပါမည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ မူဝါဒမိန့်ခွန်းပါ အချက်အလက်တို့ကို ဆက်လက်တင်ပြပါလျှင် မြန်မာနိုင်ငံ၌ ကျင်းပသည့် ဤကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်များ ဆွေးနွေးတိုင်ပင် အမြင်ညှိနှိုင်းကြလျက် အားလုံးက လက်ခံယုံကြည်ထားသည့် မြတ်ဗုဒ္ဓ၏ ဓမ္မများကို ကမ္ဘာတစ်ဝန်း ပျံ့နှံ့အောင် ကြိုးပမ်းစွမ်းဆောင်နိုင်လိမ့်မည်သာ ဖြစ်ကြောင်းဖြင့် မူဝါဒမိန့်ခွန်းက ဤသို့ မိန့်မြွက်ထား၏။

"ဗုဒ္ဓဘာသာခေါင်းဆောင်တွေ မကြာခဏ တွေ့ဆုံဆွေးနွေးကြတာက (မြတ်ဗုဒ္ဓရဲ့) တရားဒေသနာတော်တွေ ထွန်းကားပြန့်ပွားဖို့အတွက် အထောက်အကူဖြစ်စေမယ်လို့ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားခဲ့ပါတယ်။ မှန်မှန်တွေ့ဆုံဆွေးနွေးကြဖို့ မြတ်ဗုဒ္ဓဆုံးမလမ်းညွှန်တော်မူခဲ့တဲ့အတိုင်း ဗုဒ္ဓဘာသာရဲ့ အဓိကဝါဒကွဲများဖြစ်တဲ့ ထေရဝါဒ၊ မဟာယာနနဲ့ တိဗက်ဗုဒ္ဓဘာသာဂိုဏ်းဝင်တို့ဟာ အခု ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ တွေ့ဆုံပြီး စည်းလုံးညီညွတ်ရေးနဲ့ (သာသနာတော်) ပြန့်ပွားရေးဆိုင်ရာတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

"အင်အားကြီးသူက အင်အားငယ်သူကို လွှမ်းမိုးအုပ်ချုပ်နေပြီး ချမ်းသာသူတွေက ဒုက္ခရောက်နေသူများနဲ့ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာတွေကို မျှဝေခံစားဖို့ ဝန်လေးနေတဲ့ တည်ငြိမ်မှုကင်းမဲ့နေတဲ့ ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ သည်းခံရေးနဲ့ မေတ္တာကရုဏာထားရေးဆိုတဲ့ တရားတော်တွေ ပျံ့နှံ့စေဖို့ ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံတွေက စွမ်းဆောင်နိုင်လိမ့်မယ်ဆိုတာ သံသယဖြစ်စရာမရှိပါ"

ဆက်လက်၍ လူ၏အဓိပ္ပာယ်နှင့် ဝါဒနှစ်ရပ်အကြောင်းကို ထည့်သွင်းမိန့်ကြားသွား၏။ လူ၏ အဓိပ္ပာယ်ကို 'ကုသလာကုသလံ၊ အကောင်းနှင့်အဆိုးကို။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ မနုဿော၊ လူမည်၏' ဟူသော ဖွင့်ဆိုချက်ကိုးကား၍ မိန့်ကြား၏။ ယင်းသို့ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုး သိမြင်ခြင်းမရှိသေးမီ ကာလများတုန်းကတော့ ထိုလူဆိုသော သတ္တဝါသည် သတ္တဝါတို့၏ နိယာမအတိုင်း ကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ်တို့၏ ဖိစီးမှုခံခဲ့ရ၏။ ယင်းကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ်မှ လွတ်မြောက်ရာ ထွက်ပေါက်ရှာဖွေသောအခါ တစ်စုံတစ်ခုကို အားကိုးရာပြုနိုင်လျှင်၊ တစ်စုံတစ်ခုကို ကိုးကွယ်လိုက်နိုင်လျှင် ထွက်ပေါက်ရလာလိမ့်မည်ဟု အထင်ရှိလာခဲ့၏။

ထို့ကြောင့်ထိုလူဆိုသောသတ္တဝါသည် ထိတ်လန့်ခြင်းမှ လွတ်မြောက်ရန် တောကိုးကွယ်၊ တောင်ကိုးကွယ်၊ နေကိုးကွယ်၊ မီးကိုးကွယ်ဖြင့် ထင်ရာ၊ မြင်ရာ၊ ထန်ရာ၊ သန်ရာ ကိုးကွယ်လာရာမှ တောတောင်နေမီးတို့ကို ဖန်ဆင်းနိုင် သည့် တန်ခိုးရှင်ကိုးကွယ်မှုဝါဒအထိ ဖြစ်ပေါ်မှုဖြစ်စဉ် ရေစီး၌ ထိုလူသား မျောပါခဲ့ရ၏။ ကမ္ဘာကို ဖန်ဆင်းနိုင်သောတန်ခိုးရှင်ကိုးကွယ်မှုဟူသည့် ကောင်းကင်ဗဟိုချက် ဝါဒလွှမ်းမိုးနေစဉ်ကာလ၌ပင် မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူလာပြီး လူသား၏ ဘဝပြဿနာကို လူသားထဲမှာပင် အဖြေရှာနိုင်ကြောင်း အခိုင်အမာ ဟောကြားညွှန်ပြနိုင်သဖြင့် လူသားဗဟိုချက် ဝါဒပြန့်ပွားလာကာ အမှန်တကယ်ပင် လူသားဗဟိုချက်ဝါဒကြောင့် လူသားတစ်ဦးချင်းစီ အကောင်းနှင့် အဆိုး၊ အကြောင်းနှင့်အကျိုးကို သိမြင်လာကြလျက် အမြင်အားလျော်စွာ ကျင့်သုံးနိုင်ရကား လူသားတစ်ဦးချင်းစီ ထိတ်လန့်ခြင်းမှ လွတ်မြောက်လာရကုန်တော့၏။

"ဒီမြတ်ဗုဒ္ဓရဲ့ တရားဓမ္မကို လူတစ်ဦးချင်းစီက လိုက်နာကျင့်ကြံရင် လူတစ်ဦးချင်း ငြိမ်းချမ်းမှုကို ရရှိမှာဖြစ်ပြီး အဲဒီတစ်ဦးချင်းစီရဲ့ ငြိမ်းချမ်းမှုက တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့ လမ်းစဖြစ်ပါတယ်။"

တစ်ဦးချင်း ငြိမ်းချမ်းခြင်းမှ တစ်မိသားစုငြိမ်းချမ်းခြင်းသို့၊ တစ်မိသားစု ငြိမ်းချမ်းခြင်းမှ ဆက်၍ဆက်၍ တစ်ကမ္ဘာလုံးငြိမ်းချမ်းခြင်းသို့ ရောက်သည်အထိ ဆက်လက်လျှောက်လှမ်းကြရမည့် ခရီးဝယ် လူအင်အား၊ ငွေကြေးအင်အား၊ ပစ္စည်းအင်အား၊ စိတ်ဓာတ်အင်အားဟူသော အင်အားကြီးလေးရပ် လိုအပ်ကြောင်းနှင့် ယင်းအင်အားကြီးလေးရပ် စုစည်းမိစေရန် ယခုလို ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးများ မကြာခဏကျင်းပဖို့ လိုအပ်ကြောင်း မိန့်ကြားလေ၏။

"ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံတွေ အသီးသီး အမျိုးမျိုးကျင်းပခဲ့တဲ့ အကျိုးဆက်ဟာ ဗုဒ္ဓဘာသာဝင်တွေ စည်းလုံးညီညွတ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ကြရေး၊ အချင်းချင်း အပြန်အလှန်နားလည်မှုရရှိရေးအတွက် အင်အားတွေ၊ ခွန်အားတွေ ရရှိခဲ့ကြပါတယ်။ ဒီညီလာခံများရဲ့ အကျိုးကျေးဇူးကြောင့် ထေရဝါဒီတွေ၊ မဟာယာနနဲ့ တိဗက်ဗုဒ္ဓဘာသာဝင်တွေ တစ်ယောက်အကြောင်း တစ်ယောက် ပိုမိုသိရှိ နားလည်လာခဲ့ကြပါတယ်။ ပုဂ္ဂိုလ်ရေးချစ်ကြည် ရင်းနှီးမှုတွေလည်း ရရှိခဲ့ကြပါတယ်။

"တစ်ဆင့်တက်ပြီး မိမိတို့ ပြောဆိုယူဆချက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် စီမံချက်ချမှတ်လုပ်ဆောင်ဖို့ လိုအပ်နေပါသေးတယ်။ အနာဂတ်မှာ မိမိတို့အချင်းချင်း ပိုမိုပူးပေါင်းဆက်သွယ်ဖို့၊ အထူးသဖြင့် တက္ကသိုလ်တွေနဲ့ ဘုန်းကြီးကျောင်းတွေအချင်းချင်း ချိတ်ဆက်ထားတာတို့ ပညာသင်တွေ လဲလှယ်ကြတာတို့ ပြုလုပ်သင့်ပါတယ်။ နိုင်ငံတကာဗုဒ္ဓဘာသာခေါင်းဆောင်တို့ရဲ့ အချင်းချင်းဆွေးနွေးပွဲတွေဟာ မရှိမဖြစ် လိုအပ်တဲ့အတွက် ဆွေးနွေးပွဲတွေနဲ့ အမြင်ချင်းဖလှယ်မှုတွေကို မှန်မှန်ပြုလုပ်သွားသင့်ပါတယ်။ မိမိတို့အနေနဲ့ ဒီလိုဆွေးနွေးပွဲတွေမှာ နားလည်ခြင်း၊ သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းတွေကို လက်ကိုင်ထားပြီး မိမိတို့အားလုံးရဲ့ ဦးတည်ချက် အောင်မြင်ရေးကို ရှေးရှုပြီး ပါဝင်ဆွေးနွေးသင့်ပါတယ်"

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အားလုံး စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံချက်ချမှတ် ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်အသွင် ဖွဲ့စည်းဖို့ လိုအပ်မှာဖြစ်ကြောင်းနှင့် ယင်းသို့ ဖြစ်ထွန်းလာစေရန် ယခု ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးက စွမ်းဆောင်ပေးနိုင်ပါစေကြောင်းဖြင့် မိန့်ကြားကာ ဤသို့ နိဂုံးဆုမွန်ခြွေတော်မူ၏။

"ဗုဒ္ဓဘာသာခေါင်းဆောင်တွေဟာ ပြင်ပအသွင်သဏ္ဌာန်၊ အစဉ်အလာဝါဒ၊ ယဉ်ကျေးမှုတို့ ကွာခြားကြပေမယ့် မေတ္တာခန္တီကရုဏာနဲ့ ပညာတို့ကို နှလုံးသား၌ တန်ဖိုးထားသိမ်းထားရာမှာတော့ တူညီကြပါတယ်။ မြတ်ဗုဒ္ဓသွန်သင်ညွှန်ပြတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ အရိယမဂ်ဟာ မိမိတို့ အတူတကွ လျှောက်လှမ်းကြရမယ့် လမ်းဖြစ်ပြီး (နိဗ္ဗာန်ဆိုတဲ့) နိရောဓသစ္စာက မိမိတို့ မလွဲမသွေ ရောက်ရှိကြရမယ့် ပန်းတိုင်ဖြစ်ပါတယ်။

"ဒါကြောင့် မိမိတို့အားလုံး အရိယမဂ်ဆိုတဲ့ ဘုံလမ်းမကြီးပေါ်မှာ အတူလက်တွဲ လျှောက်လှမ်းကြပြီး မိမိတို့ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်မှာ ဆုံတွေ့ကြပါစို့လို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်"

ရွှေသာသနာကို ရွှေမြန်မာမှတစ်ဆင့် ကမ္ဘာတစ်လွှား ထွန်းကားပြန့်ပွားစိမ့်သောငှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပအပ်သော ရွှေညီလာဟုဆိုအပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ အသံသည် နဘံရိုက်ဟည်း ကမ္ဘာကြီးကို လွှမ်းသွားမည်သာ ဖြစ်ပါတော့၏။

သို့ဖြင့် ဗုဒ္ဓဘာသာတရား ကမ္ဘာတစ်လွှား ထွန်းကားပြန့်ပွားကာ ခန္တီမေတ္တာ ကရုဏာနှင့် ပညာတရား နှလုံးသားမှာ ကိန်းနေအောင် မီးစိမ်းမြဲမြဲ ပြနေကြရမည်ဖြစ်ပါသတည်း။

လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဟသ်ာတ စက်မှုဇုန်၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဇလွန်မြို့နယ်၌ ကျေးလက်လမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်း ဟင်္သာတ စက်မှုဇုန်တာဝန်ခံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့နယ် မြနဒီခန်းမ၌ စက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထုတ်လုပ်ဖြန့်ဖြူး

ထိုသို့တွေ့ဆုံရာ၌ ဟင်္သာတခရိုင် စက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံးက စက်မှုဇုန်မြေနေရာ ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စက်မှုဇုန်သို့ ပြောင်းရွှေ့မည့် လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်တို့ကို ရှင်းလင်းတင်ပြသည်။

စက်မှုဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စက်မှုဇုန်တွင် လုပ်ငန်းရှင်များအား စနစ်တကျနေရာ ချထားရေး၊ ပေ ၁၀၀ လမ်းမကြီးနှင့် လမ်းသွယ်များကို သွားလာရေး လွယ်ကူအောင် ဖောက်လုပ်ရေး၊ အဆောက်အအုံများ ဆောက်လုပ်ရေး၊ လျှပ်စစ်မီးလိုင်း သွယ်တန်းရေး၊ စက်မှုဇုန်သို့ လုပ်ငန်းရှင်များ ပြောင်းရွှေ့ရာတွင် အဆင်ပြေချောမွေ့ရေး ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ စက်မှုလုပ်ငန်းရှင်များက ဆန်စက်သုံး ပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ စပါးခြွေလှေ့စက်များ၊ စက်အပိုပစ္စည်းများကို သက်သာသော နှုန်းထားဖြင့် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ဖြန့်ဖြူးရေး၊ အခြားပစ္စည်းများ တီထွင်ထုတ်လုပ်ရေးတို့ကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူ လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆွေးနွေး

ထိုမှတစ်ဆင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်ချုပ်တင်ထွတ်သည် ဟင်္သာတခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်ချုပ်တင်ထွတ်သည် ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဇလွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဇလွန်မြို့နယ်အတွင်းရှိ သက္ကယ်ကျွန်းကျေးရွာနှင့် ခနဘောကျေးရွာသို့ ဆက်သွယ်ထားသော အရှည်၄ဒသမ၈မိုင်ရှိ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်နေသည့် လမ်းလုပ်ငန်းနှင့် လမ်းပခုံး မြေသားဖို့ညှိခြင်းလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ဒေသခံ ကျေးရွာသူ ရွာသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ဖြည့်ဆည်း

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်း ဖြစ်သည်အထိ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဧရာဝတီတိုင်း ဇလွန်မြို့နယ် သက္ကယ်ကျွန်းကျေးရွာနှင့် ခနဘောကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၄ ဒသမ ၈ မိုင် အရှည်ရှိ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(လျှပ်စစ်စွမ်းအား)

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံကို ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်လမ်း ၇၀နှင့် ၃၁ လမ်း ထောင့်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ နေအိမ်ဝင်းခြံမြေနှင့် အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ် (၅၄၂) ဓမ္မာရုံလမ်း (၁၁) ရပ်ကွက်နေ ဦးမြင့်-ဒေါ်ကြည်မိသားစုတို့က ဆားလင်းကြီးမြို့ အမှတ်(၂) ရပ်ကွက်ရှိ ၎င်းတို့ပိုင်ဆိုင်သော နေအိမ်၊ ဝင်းခြံမြေ၊မီတာဘောက်စ်နှင့်ငွေလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်တွင် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခန်းမ၌ ကျင်းပရာ ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးက အမှာစကားပြောကြားပြီး အလှူရှင် ဦးမြင့်-ဒေါ်ကြည် တို့၏ သမီး ဒေါ်စပယ် (အလယ်တန်းပြဆရာမ၊ အထက-၃၊ မုံရွာ) က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက စာကြည့်တိုက်အတွက် ငွေပဒေသာပင် ပေးအပ်လှူဒါန်းကြပြီး အလှူရှင် ဦးမြင့်-ဒေါ်ကြည်တို့၏ သားသမီးများဖြစ်သော ဦးမောင်ပု-ဒေါ်စပယ် မိသားစုတို့က ဆားလင်းကြီးမြို့ အမှတ် (၂)ရပ်ကွက်ရှိ ၎င်းတို့ပိုင်ဆိုင်သော နေအိမ်၊ ဝင်းခြံမြေ၊ မီတာဘောက်စ်၊ စာအုပ်မျိုးစုံ ၉၀ နှင့် ငွေကျပ်ငါးသိန်းတို့ကို စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းထံ ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ လှူဒါန်းသည့် နေအိမ်၊ ဝင်းခြံမြေ၊ မီတာဘောက်စ်၊ စာအုပ်များအပြင် အလှူရှင်များက ငွေကျပ် ၆၁၆၀၀၀ ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းထံ အလှူရှင် ဦးမောင်ပု-ဒေါ်စပယ်မိသားစုတို့က နေအိမ်၊ ဝင်းခြံမြေ၊ မီတာဘောက်စ်၊ စာအုပ်များနှင့် အလှူငွေ ကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းစဉ်။

(ပြန်/ဆက်)

သက်ဆိုင်သူများသိစေချင်

- ဆွေသားရင်းချာ၊ ခြေကန်ကာဖြင့် တစ်ရွာတစ်ကျေး၊ ပြေးကာခိုမှီ နေရသည်ကြောင့်၊ ခိုမှီရပ်ရွာ ဘာသာအလိုက်၊ လိုက်ထိုက်ကျင့်ကြံ ဆက်ဆံပေါင်းသင်း၊ နေထိုင်ခြင်းဖြင့် လက်ငင်းခြေနေ၊ အဆင်ပြေလျှင် ခြေကန်လေခြင်း၊ စိတ်တွင်းမနာ မုဒိတာပွား၊ မေတ္တာထားလျက် ဒို့များဝမ်းသာနေမှာပါ။
- သူ့ရွာနေခိုက်၊ သူ့စရိုက်ကို လိုက်လိုက်လျောလျော၊ ထိုသဘောသာ မကပါဘဲ၊ ကိုယ့်ရွာပြန်ဆဲ ဆွေမျိုးကွဲအောင်၊ ကြံဆောင်အားထုတ် အသင်လုပ်သော်၊ မသင့်လျော်ဘူး။
- မလျော်အမှု၊ ဘယ်သို့ပြုငြား ဒို့များမျိုးဆွေ၊ မတွေဝေပါ ဆွေညာကိုခွဲ၊ ရွာကိုဆဲ၍ သင်ပဲငရဲကျိုးမှာပါ။ ။

ပျုံလွား

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း [ဗဟန်း (၃)လမ်း မှတ်တိုင်အနီး]တွင် အမှတ်(၃၃) နတ်မောက်လမ်း ဗဟန်းမြို့နယ်နေ ဒေါ်ရင်ပုက အလှူငွေကျပ်တစ်သိန်းကို ဦးမျိုးခင် (အဖွဲ့ဝင်)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်သန်းလွင်အား ရည်စူး၍ အမှတ် (၃၁/၁၀၁) ယုဇနလမ်း အေးရိပ်မွန်အိမ်ရာ လှိုင်မြို့နယ်နေ ဦးမင်းကြည်-ဒေါ်ခင်သီတာအေး၊ သား-မောင်အာကာအေးမင်း၊ မောင်ဇေယျာအေးမင်းမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နိုဝင်ဘာ ၂၄ရက်ကလှူဒါန်းရာ ဆေးရုံ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးသန်းအောင် လက်ခံစဉ်။ (က-ပ)

ဧရာဝတီတိုင်း လေးမျက်နှာ ပရဟိတ ငွေလှူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်း လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အသုံးပြုရန် နဝမအကြိမ် အလှူငွေပေးအပ်ပွဲကို ရန်ကုန် အကျိုးတော်ဆောင်အဖွဲ့ နာယက အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇)၏ ပဓာနဦးစီး နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာတက ဦးဆောင်၍ အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း ဖုန်း-၆၄၁၉၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

✤ ကျောဖုံးမှ

ရေကျအဆောက်အအုံ အမှတ်(၃)၊ အမှတ်(၂)၊ အမှတ်(၁) အဆောက်အအုံတို့ကို လည်းကောင်း၊ ပင်မမြောင်းနှင့် လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းတို့ ခွဲထွက်သည့် ရေခွဲအဆောက်အအုံနေရာနှင့် လက်ယာမြောင်းသို့ ရေချပေးရန် မြောင်းထိပ်တွင် စက်အင်အားဖြင့် တူးဖော်မှုကို လည်းကောင်း၊ ပင်မရေပေး တူးမြောင်းမှ ဆည်ရေပေးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြီးစီးသော တူးမြောင်းမကြီးသည် ၂၂မိုင်ကျော် ရှည်လျားပြီး လက်တံမြောင်းများမှာ ၁၂၈မိုင်ကျော် ရှည်လျားကာ ပြီးစီးသော ရေမြောင်းများမှ ဆည်ရေပေးဝေ၍ မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့တွင် နွေစပါး ဧက ၉၀၀၀ ကျော် စိုက်ပျိုးမည် ဖြစ်သည်။ ယခင်နှစ်များက နွေသီးထပ်သီးနှံ မစိုက်ပျိုးနိုင်ခဲ့သည့် ဧရိယာများသည် ယခုနှစ်တွင် ကံတင် ဘီးလင်းရေလှောင်တမံမှ ဆည်ရေရရှိပြီဖြစ်၍ နွေစပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ကံတင်ဘီးလင်း ရေလှောင်တမံ၏ ရေလွှဲဆည်သို့ရောက်ရှိရာ တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူးက အလျားပေ ၁၂၀၊ အကျယ် ၉၅ပေနှင့် အမြင့် ၁၆ပေ ရှိသည့် ရေလွှဲဆည်နှင့် ရေခေါ်မြောင်းများကို ရှင်းလင်းပြသသည်။

ဝန်ကြီးသည် ရေပေးမြောင်းများမှ ဆည်ရေပေးမှုကို စစ်ဆေးပြီးနောက် ရေလွှဲဆည်အထက်ပိုင်း ရှစ်မိုင်အကွာရှိ ကံတင် ဘီးလင်း ရေလှောင်တမံသို့ သွားရောက်စစ်ဆေး ကြည့်ရှုသည်။

ရေလှောင်တမံတွင် တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူးက ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ပင်မမြောင်း၊ လက်တံမြောင်းများ၏ ဆည်ရေသောက်ဧရိယာတွင် ရေပေးမှုစနစ်ကို မြေပုံဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးသည် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်နှင့် ဆည်ရေပေးသည့်မြောင်းမှ ရေချပေးဝေမှုကို လည်းကောင်း၊ အလျားပေ ၆၅၀၊ အကျယ် ၄၅ ပေရှိသည့် ရေပိုလွှဲကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကံတင် ဘီးလင်း ရေလှောင်တမံသည် ဘီးလင်းချောင်းပေါ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၃၄၀၀၀ ရှိရာ ယခုအခါ ဆည်အတွင်း ရေဝင်ဧကပေ ၉၀၀၀၀ ရှိသည်။

ထို့နောက် ဝန်ကြီးသည် ရေလှောင်တမံမှ ရေသွယ်မြောင်းများ တစ်လျှောက် ဆည်ရေပေးမှု၊ လယ်ယာကွက်များ ရေသွင်းယူမှု၊ နွေစပါး စိုက်ပျိုးရန် မြေပြုပြင်မှု၊ နွေစပါး စိုက်ခင်းများနှင့် ကျန်ရှိသည့် ရေသွယ်မြောင်းများ ဆက်လက်၍ ပြီးစီးအောင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မကျီးကွင်းစခန်းတွင် ရန်ကုန်-ပြည် မော်တော်ကားလမ်းပေါ်၌ လက်ဝဲတူးမြောင်း၏ ကားလမ်းဖြတ် ရေငုပ်ပြွန် တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ကံတင် ဘီးလင်း ရေလှောင်တမံ ဆည်ရေဖြင့် ယခုနှစ်တွင် ဧက ၁၂၀၀၀ ဆည်ရေပေးဝေမည် ဖြစ်ရာ လက်ဝဲမြောင်း ကားလမ်းဖြတ် ရေငုပ်ပြွန် အောက်ပိုင်းဒေသ ဧက ၇၀၀၀ ဆည်ရေပေးဝေနိုင်ပြီး မော်တော်ကားလမ်းနှင့် ရထားလမ်းကြား ရေသောက်ဧက ၂၃၀၀ရှိကာ ရထားလမ်းအောက်ပိုင်းတွင်လည်း ရေသောက်ဧက ၄၇၀၀ ရှိလာမည် ဖြစ်သည်။

(သတင်းစဉ်)

● လျှင်မှ

Emergency Response and Management of Tsunami (Myanmar) ကို ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၌ ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးခဲ့မှု နည်းပါးရခြင်းအကြောင်းရင်းများအနက် ငလျင်လှုပ်သည့် ဒီဇင်ဘာ ၂၆ရက်သည် နတ်တော်လပြည့်နေ့ဖြစ်ရာ ဘာသာရေးအရ ပင်လယ်ပြင်ထွက်၍ ငါးဖမ်းခြင်းမပြုကြသည့်အတွက် ပင်လယ်ပြင်တွင် အသက်ဆုံးရှုံးမှုမရှိခြင်းသည်လည်း အကြောင်းရင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ထိခိုက်မှုနည်းပါးရသည့် အခြေအနေများ၊ အရေးပေါ် ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့မှုတို့ကို ရုပ်ပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက တနင်္သာရီတိုင်းအတွင်း ထိခိုက်ဆုံးရှုံးမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားသည်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်ပေးခဲ့သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့်အဖွဲ့သည် ထူးကဲဒီရေသင့်မှုကြောင့် ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးတံတား ပျက်စီးမှုအခြေအနေနှင့် ပြန်လည်ပြုပြင် တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးများသည် ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာ မူလတန်းကျောင်းတွင် ထူးကဲဒီရေဒဏ်သင့်လူထုအား တွေ့ဆုံ၍ နိုင်ငံတော်၏ စေတနာနှင့် ဝန်ကြီးဌာနများအလိုက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးမှုနှင့် ရေရှည်ပံ့ပိုးကူညီမှုပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အားပေးစကားပြောကြားကြသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် ယူနီဆက် ဌာနေ ကိုယ်စားလှယ်တို့က တကယ့်ဖြစ်ရပ်မှန်အခြေအနေကို ကိုယ်တိုင်မြင်တွေ့ခွင့်ရရှိခြင်းနှင့် ငလျင်နှင့် ထူးကဲဒီရေဒဏ်သင့်ခဲ့သည့် ပြည်သူများအပေါ် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းဆောင်တာများအားလုံးကို နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးမှုများကို မျက်ဝါးထင်ထင် သိမြင်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဝန်ကြီးများနှင့်အဖွဲ့သည် အော်ကြီးကျေးရွာမှ တာဝန်ရှိသူများနှင့် ကျေးရွာလူထုအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းကာ ၎င်းတို့၏ တင်ပြချက်များအပေါ် ကူညီပံ့ပိုးဖြည့်ဆည်းပေးပြီး ထူးကဲဒီရေဒဏ်ကြောင့် ပျက်စီးခဲ့သည့် အော်ကြီးကျေးရွာရှိ အိုးအိမ်အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဇန်နဝါရီ ၁၅ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ အသစ်တည်ဆောက်ပြီးစီးသည့် ခုတင်-၁၀၀ ဆံ့ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံသစ်ကြီးကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ချီ၊စစ်ရေးတေးသီချင်းပြိုင်ပွဲ ပြိုင်ပွဲဝင်တေးများ သတ်မှတ်ရက်အမီ ပေးပို့ရေး ထပ်မံနှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ချီ၊စစ်ရေးတေးပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့ အထိမ်းအမှတ် စစ်ချီ၊စစ်ရေးတေးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်တေးများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ မူလက(၃၁-၁၂-၂၀၀၄) ရက် သတ်မှတ်ထားသော်လည်း နယ်မှပြိုင်ပွဲဝင်လိုသူများနှင့် တပ်မတော်မှ အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် နောက်ဆုံးပေးပို့ရမည့်ရက်ကို ယခု ဇန်နဝါရီ ၂၈ရက်အထိ တိုးမြှင့်လိုက်သည်။

ထို့ကြောင့် ပြိုင်ပွဲဝင်တေးများကို အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီ၊စစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ သတ်မှတ်ရက် အချိန်မီပေးပို့ရန် ထပ်မံနှိုးဆော်ထားသည်။ (သတင်းစဉ်)

အာဆီယံ ရိက္ခာလုံခြုံရေးသတင်းစနစ် စီမံကိန်းဆိုင်ရာ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာကဏ္ဍစာရင်းအင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံ ရိက္ခာလုံခြုံရေးသတင်းစနစ် စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၂၄ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့(စ်)ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သဘာပတိ

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် စီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးသန်းဌေးက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဝန်ထမ်းများကျွေးမွေးဧည့်ခံရေးလုပ်ငန်းအဖွဲ့၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီနှင့် ပရိဘောဂဖြည့်တင်းရေးဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများက မိမိတို့ ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

လုပ်ငန်းညှိနှိုင်း အစည်းအဝေး အပြီးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ အမျိုးသားညီလာခံ ကျင်းပရေးနှင့်စပ်လျဉ်း၍ မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

ပေးအပ်

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ရွာမ အရှေ့ရပ်ကွက်အတွင်း နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၇ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင် တစ်ဦးချင်း ပေးအပ်စဉ်။
(၆၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✧ နိုင်ငံတော်မှ

ဒုတိယအဆင့် ပေ ၅၆၀၀ သို့ ပေ ၅၀၀၀တိုးချဲ့ ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်းအစီအစဉ်နှင့် ဆောင်ရွက်မှုအခြေအနေ၊ အလျားပေ ၄၂၀၀ ရှိ လေယာဉ်ပြေးလမ်းဟောင်းပေါ်တွင် အနောက်တောင်ဘက်သို့ အလျားပေ ၅၀၀၊ အရှေ့မြောက်ဘက်သို့ အလျားပေ ၁၀၀ စုစုပေါင်းအလျားပေ ၄၈၀၀၊ အကျယ်ပေ ၁၀၀ ကျောက်ကတ္တရာခင်းခြင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ လုပ်ငန်းသုံးစက်သုံးဆီ၊ စက်၊ယာဉ်နှင့် ယန္တရားများ ရရှိမှုအခြေအနေနှင့် လုပ်ငန်းခွင်အတွင်း သုံးစွဲမှု အခြေအနေတို့ကိုလည်းကောင်း၊ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေက ကျောက်ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမိကဦးစားပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖို့မြေလုပ်ငန်းကို တတိယအဆင့် ပေ ၇၀၀၀အထိ မိုးရာသီမကျရောက်မီ အချိန်မီပြီးစီးအောင် အမိကဦးစားပေး ဆောင်ရွက်ရန်နှင့် တစ်ပြိုင်တည်းတွင် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်သွားရန်၊ ရရှိသည့် စက်သုံးဆီများကို ခြိုးခြံချွေတာ၍ အလေအလွင့်မရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လေယာဉ်ကွင်း ပတ်လည်သံဆူးကြိုး ခြံစည်းရိုးကာရံရေးတို့ကို ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း အနောက်ခြမ်း ထိပ်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေယာဉ်ပြေးလမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် အရှေ့ဘက်ခြမ်းတွင် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းတိုးချဲ့ ဆောင်ရွက်နေမှုနှင့် ပေ ၇၀၀၀ အထိ ဆက်လက်တိုးချဲ့မည့် အနေအထားတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ခန္တီးမြို့မှ ဆက်လက်ထွက်ခွာလာရာ စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့သို့ မွန်းလွဲ ၁နာရီတွင် ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးရှုံ့ကြူး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

မော်ကွန်းကျောက်စာဖွင့်ပွဲ

ဆက်လက်၍ စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့အခြေခံပညာအထက်တန်းကျောင်း၏ မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာနှင့် e-Learning Centre ခန်းမဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင်အဆိုပါကျောင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ ဗလာစာအုပ်နှင့် သင်ထောက်ကူ ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အဖွဲ့နှင့်အတူ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက နိုင်ငံတော်သီချင်းအား စုပေါင်းသီဆိုကြသည်။

ယင်းနောက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာကို ရွတ်ကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ထိုအချိန်တွင် ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးဆားမှုနှင့် ကျောင်းအုပ်ဆရာကြီး ဦးဇော်လွင်တို့က e-Learning Centre ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က e-Learning Centre ခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗလာစာအုပ်များ၊ သင်ထောက်ကူ ကျောင်းသုံးစာအုပ်များနှင့် စီဒီရွှမ်တို့ကို လဟယ်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကျောင်းအုပ်ဆရာကြီး ဦးဇော်လွင်ထံသို့ လည်းကောင်း၊ နန်းယွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက်နန်းယွန်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဝမ်းထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် e- Learning Centre ခန်းမနှင့် သင်ကြားမှု၊သင်ယူမှုအထောက်အကူပြု စာသင်ခန်းများကို လည်းကောင်း၊ အိမ်တွင်းမှု လက်မှုပညာခန်းတွင် ကျောင်းသူများ၏ နာဂရိုးရာ တဘက်ရက်လုပ်မှု၊ဓာတို ပန်းထိုးနှင့် ခြင်းတောင်းရက်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကတ္တရာလမ်းသစ်ဖွင့်

ထို့နောက် လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၂နာရီခွဲတွင် ဟေ့ထိုက်လမ်းထိပ်ရှိ မုခ်ဦး၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များ တက်ရောက် အားပေးချီးမြှင့်ကြသည်။

အစီအစဉ်အရ လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းအောင်က မြို့တွင်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းတို့က မြို့တွင်းကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မြို့တွင်း ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လဟယ်ဆေးရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ မြို့နယ် ပြည်သူ့ဆေးရုံ (၁၆ ခုတင်ဆံ့) သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဦးမြင့်သူနှင့် ကျောင်းသားများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကျောင်းသားများ၏ အိပ်ဆောင်နှင့် ကျောင်းရုံးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောင်းစုဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ သက်သာချောင်ချိရေးတို့ အတွက် သီးပင်စားပင်နှင့် နှစ်ရှည်ပင်ဖြစ်သော လက်ဖက်ပင်များကို ကြိုးပမ်းစိုက်ပျိုးကြရန်နှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပညာရေး ငွေပဒေသာပင် စိုက်ထူနိုင်ရန်အတွက်ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဗလာစာအုပ်ဒါဇင် ၅၀နှင့် အနွေးဘောင်းဘီအထည် ၁၀၀ တို့ကိုလည်းကောင်း ကျောင်းအုပ်ဦးမြင့်သူထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း၊ Diamond Palace Travels & Tours Co., Ltd အုပ်ချုပ်မှုဒါရိုက်တာဦးသိန်းသန်းက ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်ငါးသိန်းတန်ဖိုးရှိ စောင် ၅၅ ထည်၊ ခြင်ထောင် ၅၅လုံး၊ ခေါင်းအုံး ၅၅လုံးနှင့် ၂၁လက်မ ရုပ်မြင်သံကြားစက် တစ်လုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းက ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဦးမြင့်သူက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ ဂန္ဓမာလကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်တော်မူသည့် မြင့်မိုရ်ဦးရွှေတိဂုံပုံတူ စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး စေတီတော်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြကာလဟယ်မြို့တွင် ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ဆရာကြီးဦးဂိုအင်ကာ တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာသဒ္ဓမ္မဇောတိကဓဇ ဝိပဿနာ တရားပြ ဆရာကြီးဦးဂိုအင်ကာသည် ဇန်နဝါရီ ၁၉ရက် ဗုဒ္ဓဟူးနေ့ ညနေ ၄နာရီခွဲတွင် ကမာရွတ်မြို့နယ်တက္ကသိုလ်များဓမ္မာရုံ၌ ဝိပဿနာတရားများ ဟောကြားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❍ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေမှ

ထိုမှတစ်ဆင့် ဝန်ကြီးများသည် စီမံကိန်းလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ယုဇနကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဌေးမြင့်က မွေးမြူရေးနှင့် ရေလုပ်ငန်းပိုင်မြေနေရာ၌ တစ်နေ့လျှင် တန် ၃၀၀ ကျ ဆီသန့်စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း အစီအမံများနှင့် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် ဆိပ်ခံတံတားတည်ဆောက်ရေး ပိုင်တိုင်များရိုက်သွင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ကမ်းသို့ ရောက်ရှိရာ အုပ်ချုပ်မှုရုံး အဆောက်အအုံ အစည်းအဝေးခန်းမ၌ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်က မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၏ အရာထမ်း ဝန်ထမ်းများဖွဲ့စည်းပုံ၊ ပြည်ပနှင့်ကမ်းရိုးတန်းသွားသင်္ဘောများအင်အားနှင့် ခုတ်မောင်းပြေးဆွဲနိုင်မှုအခြေအနေ၊ ကမ်းရိုးတန်းခရီးသည်နှင့် ကုန်ပစ္စည်းသယ်ပို့နိုင်မှုအခြေအနေ၊ ပြည်ပကုန်သေတ္တာ သယ်ယူပို့ဆောင်နိုင်မှုအခြေအနေ၊ နှစ်အလိုက်ဝင်ငွေရှာဖွေနိုင်မှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခရီးသည်နားနေဆောင်သို့ ရောက်ရှိပြီး သင်္ဘောသားမွမ်းမံသင်တန်းခန်းမ၊ သင်္ဘောသားသုံးကိရိယာများ၊ စစ်ဆေးရေးကောင်တာများ၊ ခရီးသည်နားနေခန်းများကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးသည်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော "မြစ်ကြီးနား" သင်္ဘော၏ မောင်းနှင်ခန်းတွင် တပ်ဆင်အသုံးပြုသော ခေတ်မီဆက်သွယ်ရေးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

အခြေခံပန်းအလှပြုပြင်မှုသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်း(၁/၂၀၀၅)ကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ (၂/၂၀၀၅) သင်တန်းကို မတ် ၇ ရက်မှ ၁၄ ရက်အထိလည်းကောင်း နေ့စဉ် မွန်းလွဲ ၂နာရီ မှ ၄နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၅၀ စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၃၅၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၄၀၀၀ စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း ၃၇၉၃၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်သည်။

အလားတူပင် စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်းသင်တန်းကို မေလအတွင်း ဆက်လက်ဖွင့်လှစ်မည်ဟု သိရသည်။ (က-ဝ)

ထူးခြားသည့်ညအပူချိန်များ

၁၇-၁-၂၀၀၅

ဟားခါး	–	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်	–	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	–	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	–	၃ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ လမူးတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း"(အပိုင်း–၆၀)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်
၇:၁၅ ၁၃။ မြန်မာစာ၊ မြန်မာ့စကား
၇:၃၀ ၁၄။ ငယ်စဉ်အခါပညာရှာ
၇:၄၅ ၁၅။ **"မောင်မြန်မာလျှပ်စစ်စက်ဘီး" ရိုဝေယံ၊စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း [ဒါရိုက်တာ– တင်အောင်ရွှေ(သုတေသီ)]**
၇:၅၀ ၁၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ" (အပိုင်း–၃၁)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဌာနအလိုက် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ် လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်နိုင်ရေး အစွမ်းကုန်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်၊ ဦးဖေသန်းနှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲများ၊ ပြည်နယ်၊ တိုင်းအရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မိမိဌာနအလိုက်၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းများ အရှိန်မြှင့်တင်ရေး ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဌာနအလိုက် လုပ်ငန်းများကို ဆောင်ရွက်ရာ၌ စိစိစစ်စစ်ဖြင့် ပစ္စည်းနှင့်ငွေကို သုံးစွဲသွားရန်ဖြစ်ကြောင်း၊ အထူးသဖြင့် စက်သုံးဆီများကို လုပ်ငန်းအလိုက် ချွေတာသုံးစွဲရေး၊ အလေအလွင့်မရှိစေရေး စနစ်တကျ သုံးစွဲရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော် ကုန်ထုတ်လုပ်မှု တိုးတက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိနေသဖြင့် လျာထားချက်ထက် ဂျီဒီပီ တိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့က မှာကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြောင်းလဲနေသော ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်၍ ထိုအခြေအနေတွင် မိမိရည်မှန်းချက် အောင်မြင်စေရန် စနစ်တကျ ကျင့်သုံးတတ်ရန်လိုကြောင်း၊ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးကာလဖြစ်၍ မိမိအင်အားများကို စုစည်း၍ စိမ်လျာထားချက်ဖြင့် အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်ကြရန် လိုကြောင်း၊ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းလျာထားချက်နှင့် ဘဏ္ဍာငွေ လိုအပ်ချက်ကို ညှိနှိုင်းရေးဆွဲနေသည့် ကာလဖြစ်ကြောင်း၊ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းဆိုင်ရာများကို အသီးသီး ဆက်လက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်း၍ လုပ်ငန်းအခက်အခဲများကို ကျော်လွှား၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ် (၄)ဝိုင်း ရွှေသလ္လာပရိယတ္တိ စာသင်တိုက်အတွင်း ဆောက်လုပ်မည့် သမဏသုခါဝါသ သုံးထပ်တိုက်ကျောင်း အုတ်မြစ်ချပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ဆရာတော်ကြီးများနှင့် ကျောင်းဒါယကာ၊ ဒါယိကာမများ၊ ဗုဒ္ဓဟူးဆွမ်းပတ်၊ သောကြာဆွမ်းပတ် အကျိုးဆောင်များ အုတ်မြစ်ချမင်္ဂလာ ကျင်းပကြစဉ်။ (က-ပ)

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၅ ခုနှစ် နှစ် (၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ကြည့်မြင်တိုင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တိုက်ခိုက်ရေးကျောင်း(ဗထူး)ကိုယ်စားပြု စစ်တီးဝိုင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အမှတ် (၉၉)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းနှင့် အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် တိုက်ခိုက်ရေးကျောင်း (ဗထူး)ကိုယ်စားပြု စစ်တီးဝိုင်းက ဖန်နေဝန်း၊ ပြည်သူ့တပ်မတော်၊ အောင်လံလွင့်မယ့် ဒို့တပ်မတော်စစ်ချီတေးများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက အောင်လံလွင့်မယ့် ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော်၊ ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော်၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွင့်မယ့် ဒို့တပ်မတော်၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံဝင့်ဝင့်သမိုင်း အဆင့်ဆင့် တပ်မတော်၊ ပြည်သူ့တပ်မတော်စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် နှစ် (၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ အဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြဖျော်ဖြေကြသည့် ကြည့်မြင်တိုင်မြို့နယ် အမှတ် (၁)အခြေခံပညာအထက် တန်းကျောင်းနှင့် လသာမြို့နယ်အမှတ် (၂)အခြေခံပညာအထက်ကျောင်းတို့မှ ဘင်ခရာအဖွဲ့များ ကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို အလှူရှင်များ နေ့စဉ်မပြတ်လှူဒါန်းလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတော်တစ်ဝန်းလုံးရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပြတ်ငွေနှင့် စာအုပ်များကို ပေးပို့လှူဒါန်းလျက်ရှိကြသည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးဇော်ဝင်း-ဒေါ်ခင်အေးမူ (သာကေတမြို့နယ်)က ငွေကျပ် ၅၀၀၀ နှင့် ဂျာနယ် ၁၀၅ စောင်၊ ဦးသောင်းမြင့်(အင်းစိန်မြို့နယ်)က ငွေကျပ်၃၀၀၀ နှင့် ဘာသာရေးစာစောင် ငါးစောင်၊ ဦးညွန့်ဝင်း (ပန်းဘဲတန်းမြို့နယ်)က သုတ၊ စွယ်စုံကျမ်းနှင့် စာစောင် ၂၅၉ စောင်၊ ဦးမျိုးဆိုင် (ဗိုလ်တထောင်မြို့နယ်) က သုတမဂ္ဂဇင်း ၆၂ အုပ်၊ ဦးခင်မောင်ဇော် (တက္ကသိုလ်ခင်မောင်ဇော်)-ဒေါ်ဌေးဌေး၊ သမီး ဝင်းမာဌေး (ကမာရွတ်မြို့နယ်) က သုတမဂ္ဂဇဇင်း စာစောင် ၇၀၊ ဦးခင်မောင်တင့်-ဒေါ်ဖြူဖြူအောင် (တာမွေမြို့နယ်)က စွယ်စုံကျမ်း၊ သုတမဂ္ဂဇင်း စာအုပ် ၃၅ အုပ်၊ ဒေါ်မြင့်မြင့်သိန်း (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)က သုတမဂ္ဂဇင်း၊ ဂျာနယ် ၁၃၅ အုပ်၊ ဒေါ်သင်းသင်းလှ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)က မဂ္ဂဇင်းအုပ် ၅၀၊ ဦးခင်မောင်အေး (သဃ်ာန်းကျွန်းမြို့နယ်) က ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်၂၄၆ အုပ်၊ ဦးကျော်ဇင်ဦး (ညွှန်ကြားရေးမှူး) - ဒေါ်စန်းစန်းလွင်မိသားစုက သုတမဂ္ဂဇင်း ၁၂၈ အုပ်၊ ဦးဝင်းထွဋ်နိုင် (လမ်းမတော်မြို့နယ်)က မဂ္ဂဇင်း၊ လုံးချင်း၊ ဂျာနယ် ၃၄၆အုပ်၊ ဦးလှဦး၊ ဒေါ်လှလှဌေး (သာကေတမြို့နယ်က) သုတ၊ မဂ္ဂဇင်း စာစောင် ၇၈ အုပ်၊ ဒေါ်မြတ်သီဂိုခိုင် (ဒေါပုံမြို့နယ်)က ဘာသာရေး စာစောင် ၃၇ စောင်၊ စာရေးဆရာ ငြိမ်းအောင် (မြန်မာ့သစ်လုပ်ငန်း) က ဂျာနယ် ၂၅စောင်၊ မောင်နောင်ထွန်းနိုင်နှင့် မမြစန္ဒီနိုင် (မင်္ဂလာဒုံမြို့နယ်) က ဂျာနယ် အစောင် ၇၀၊ စာရေးဆရာ ဗညားဦး(အိမ်မဲ) (အင်းစိန်မြို့နယ်)က မဂ္ဂဇင်း၊ ဂျာနယ်၁၆အုပ်၊ ဦးအောင်ကျော်ဦး၊ ဦးကျော်မျိုးနိုင် (လမ်းမတော်မြို့နယ်)က သုတစာအုပ်၃၀၊ မသရဖီအေးနိုင်(မရမ်းကုန်းမြို့နယ်)က မဂ္ဂဇင်း၊ ဂျာနယ် ၁၇၄အုပ်၊ ဦးဆွေငြိမ်း (လှိုင်မြို့နယ်)က မဂ္ဂဇင်း ကိုးအုပ်၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့် (သဃ်ာန်းကျွန်းမြို့နယ်)က သုတ၊ မဂ္ဂဇင်း၊ ဂျာနယ်၁၀၀၊ ဒေါ်ညိုညိုစိမ့်(ပုဇွန်တောင်မြို့နယ်)က သုတစာစောင် ၂၁၅ အုပ်၊ မောင်မင်းစိုး (လသာမြို့နယ်)က မဂ္ဂဇင်း ၂၅ အုပ်၊ ဦးမြင့်စိုး (ဗိုလ်တထောင်မြို့နယ်) က သုတ၊ ဂျာနယ် ၂၅၁ အုပ်၊ ဦးလှဝင်း-ဒေါ်မိမိအေး (တောင်ဥက္ကလာပမြို့နယ်) က မဂ္ဂဇင်းစာစောင် ၃၉၈ အုပ်တို့ဖြစ်ကြသည်။

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများကို ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်၌ ဆုရရှိသူတစ်ဦးအား Han Event Management မှ မန်နေဂျင်း ဒါရိုက်တာ ဦးချမ်းဟန် ဆုချီးမြှင့်စဉ်။ (က-ပ)

ဂရင်းရွိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် Han Event Management တို့ ပူးပေါင်း စီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီခွဲက လားရှိုးမြို့ လားရှိုးဂေါက်ကွင်း တီခုံ အမှတ် (၁၀) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် လားရှိုး ဂေါက်ကလပ်ဥက္ကဋ္ဌ၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးနှင့် I.B.T.C ကုမ္ပဏီမှ အရည်အသွေး ထိန်းသိမ်းမှု ဒါရိုက်တာ ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ဂေါက်သီးရိုက် အားကစားသမား ၁၀၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၆ နာရီတွင် လားရှိုး မိုတယ်၌ ဆက်လက်ကျင်းပသည်။ ရှေးဦးစွာ I.B.T.C ကုမ္ပဏီမှ တာဝန်ရှိသူများက အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု Most Par ဆု၊ Most Birdies ဆုနှင့် နှစ်သိမ့်ဆု ရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် လားရှိုးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်းနှင့် I.B.T.C ကုမ္ပဏီမှ အရည်အသွေး ထိန်းသိမ်းမှု ဒါရိုက်တာ ဦးတင့်ဦးတို့က တတိယဆုရရှိသော စိုင်းဟန်လှိုင်၊ ဒုတိယဆုရရှိသော လောစူးနှင့် ပထမဆုရရှိသော စိုးမိုးအောင်တို့အား ဆုများချီးမြှင့်သည်။

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို Co-sponsors များဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club Soda၊ Ping (Pan Dagon Int'l Ltd.) နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးကြသည်။

Grand Royal Special Reserve Golf Championship စတုတ္ထပွဲစဉ်ကို ဇန်နဝါရီ ၃၀ ရက်တွင် မြိတ်မြို့ မြိတ်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း ဗဟန်း(၃)လမ်း မှတ်တိုင်အနီးတွင် ဦးအောင်လွင် အမှတ်(၇) အောင်သပြေအနောက် (၂) လမ်း (၇) အရှေ့ရပ်ကွက် သာကေတက ငွေကျပ်တစ်သိန်းကို ဦးစိုးနိုင် (တွဲဖက်ဘဏ္ဍာရေးမှူး) ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အစဉ်သတိပြုကာကွယ် မီးဘေးအန္တရာယ်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၅ခုနှစ် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားစဉ်။
(ဘဏ္ဍာ/အခွန်)

ရန်ကုန် ဇန်နဝါရီ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၅ခုနှစ် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းအခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ငွေရေးကြေးရေးကို တာဝန်ယူရသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရေး၊ နိုင်ငံတော်အတွက် သတ်မှတ်ထားသည့် လျာထားချက်များ အပြည့်အဝရရှိစေရေးစသည့် လုပ်ငန်းတာဝန်များကို စီမံကိန်းများ၊ နည်းလမ်းများချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုတာဝန်များ ထမ်းဆောင်ရာတွင် ဝန်ထမ်းများ အနေဖြင့် ဖြောင့်မတ်မှန်ကန်မှုနှင့် တာဝန်သိမှုတို့တွင် အလွန်အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဌာနအကြီးအကဲများက မိမိတို့ဌာနအလိုက် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် သုံးသပ်တင်ပြကြသည်။

ယင်းနောက် ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်၊ တိုင်း အခွန်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်ဖြင့် မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ယင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၈ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။
(သတင်းစဉ်)

ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သုခဝတီလမ်း အမှတ်(၁၈-စီ)နေ ဦးဆွန်လိုက်-ဒေါ်ယဉ်ယဉ်မြ(တိမ်လွှာမုန့်တိုက်)မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆေးဝါးအသစ် မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

Navana Pharmaceuticals Ltd. (Bangladesh)၏ ဆေးဝါးအသစ် မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ပါမောက္ခ ဒေါက်တာဦးစောနိုင်နှင့် Navana Pharmaceuticals Ltd. မှ Operative Director Mr. Shah Habibul Haqueက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ Levoquin (Levofloxacin 250 mg & 500 mg) နှင့် Lucon (Fluconazole 50 mg & 150 mg) ဆေးဝါးအသစ်များကို Bangladesh နိုင်ငံ Navana Pharmaceuticals Ltd.မှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံရှိ Legend Creative Co., Ltd. မှ ဖြန့်ချိရောင်းချသွားမည် ဖြစ်သည်။
(က-ပ)

ကြည့်ရှုအားပေး

ဇန်နဝါရီ ၁၅ရက်က ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများကို ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့နှင့် ဆရာ၊ ဆရာမများ ကြည့်ရှုအားပေးကြစဉ်။
(က-ပ)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငမိုးရိပ်ရပ်ကွက်နေ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစန်းဝေက နိုင်ငံသားတစ်ဦးအား နိုင်ငံသား စိစစ်ရေး ကတ်ပြားပေးအပ်စဉ်။ (၅၀၆)

သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၇

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း မူလသစ်ဆိမ့်တိုက်ငြိမ်းချမ်းရွှေပြည်ကျောင်း၏ ပဓာန နာယက သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ရက်ညများတွင် ဖိုးဝင်းတပ်ကျေးရွာ ဝက်လက်မြို့တွင်လည်းကောင်း၊ ၂၂ရက်ညတွင် မြေခွန်းရွာ ဆားလင်းကြီးမြို့တွင် လည်းကောင်း၊ ၂၃ရက်ညတွင် ပေါ်ဦးရပ် တန့်ဆည်မြို့တွင်လည်းကောင်း၊ ၂၄ ရက်ညတွင် ရွှေစည်းခုံစေတီတော် မုံရွာမြို့တွင်လည်းကောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။
(က-ပ)

ဝေဠုဝန်နိကာယ ဂဏာဓိပတိ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

ဝေဠုဝန်နိကာယဂိုဏ်း ဂဏာဓိပတိ(သာသနာပိုင်) ဝေဠုဝန်ကျောင်းတိုက် ပုသိမ်မြို့ ဆရာတော်ကြီးအားပူဇော်ပွဲနှင့် ဝေဠုဝန်နိကာယဂိုဏ်း ဂဏသင်္ဃပါတနှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် သာသနပဇ္ဇောတာရုံ အလယ်တိုက်ကျောင်းတွင် ၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော်၁၀ရက်၊ ၁၁ရက်၊ ၁၂ရက်၊ (မတ် ၅၊ ၆၊ ၇ရက်)တို့တွင် ကျင်းပမည်ဖြစ်သည်။ သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း၊ အချိုပွဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား အကျိုးဆောင်ဆရာတော် ဝေဠုဝန်ကျောင်းတိုက် ဖုန်း-၅၃၇၅၇၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အံ့ကြီး)က ဇန်နဝါရီ ၁၉ရက်မှ၂၅ရက်အထိ ညနေ၆နာရီခွဲမှ၈နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၅ရက်မှ ၃၁ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅၅)လမ်း မာဃလုလင်ဓမ္မာရုံတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင်လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေ ကျပ် ၇၅၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့သည့် အလျား ပေ ၆၃၀၊ အကျယ် ၁၀ပေရှိ နွယ်သာဂီ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလင်း၊ (ခ)ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -CLASSIFICATION OF SOCIAL NETWORKS (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပင်လယ်ကြီးလောက်ချစ်တယ်" (အပိုင်း-၃၅)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (အပိုင်း-၃၅)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ICT Week 2005 တွင် ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်မြို့ ICT Park၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် Fourth Myanmar ICT Week တွင် ၁။ Programming (Intermediate/ Advanced)၊ ၂။ Web Development (Intermediate /Advanced)နှင့် ၃။ Network Game (Professional/Amateur) ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အမှတ်စဉ် ၁နှင့်၂ ပြိုင်ပွဲအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း–၆၅၂၂၇၆သို့ ဇန်နဝါရီ ၁၉ရက် နောက်ဆုံးထား၍ လည်းကောင်း၊ အမှတ်စဉ် ၃ ပြိုင်ပွဲအတွက် (Blastar, Net Zone, Xclaimz, Cyber Knight) Game Centre များသို့ ဆက်သွယ်၍ ဇန်နဝါရီ ၂၁ရက် ညနေ ၅နာရီနောက်ဆုံးထား၍ လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

၀၈း၀၀	–	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	ICT Competitions
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်ဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	ICT Competitions
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	ICT Competitions
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀–၁၆း၀၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(နည်းပညာပြခန်းများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)
MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက်က ကျင်းပရာ သူငယ်တန်းမှ ပထမဆုရရှိသူ မခိုင်သဇင်ထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့် ဆုချီးမြှင့်စဉ်။
(က–ပ)

ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မွေးမြူရေးစခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ ကြက်မျိုးများ စမ်းသပ်မွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ ရှေးဦးစွာ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအထွေထွေမန်နေဂျာ ဒေါက်တာသန်းရွှေက သားစမ်းသပ်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အသားကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ခြံမန်နေဂျာများနှင့် စက်ရုံမှူးများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများမရှိစေရန် ကြိုတင်ဆောင်ရွက်ထားရန်နှင့် အရည်အသွေးပြည့်မီသော တိရစ္ဆာန်အစာများကို ပိုမိုတိုးတက် ထုတ်လုပ်သွားရန် ဆွေးနွေးမှာကြားပြီး ကြက်မျိုးများ စမ်းသပ်မွေးမြူထားသည့် ကြက်ခြံများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမပင်အသားတိုး မျိုးကြက်ခြံသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ ကြက်ခြံများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

မြို့နယ်အဆင့်တရားသူကြီးများမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၇

တရားရုံးချုပ်က ဖွင့်လှစ်သော မြို့နယ်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးဌာနခွဲ အဆောက်အအုံ ခန်းမ၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

တရားသူကြီးချုပ် ဦးအောင်တိုး မြို့နယ်အဆင့်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း နှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအဆောက်အအုံ ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လ ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံး၊ကဗျာပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၌ တစ်ပြိုင်တည်းကျင်းပသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင် ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပသည့် စာစီစာကုံး ပြိုင်ပွဲများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျင်းပသည့် ကဗျာပြိုင်ပွဲများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "နိုင်ငံတော်ကို အစဉ်ကာကွယ်စောင့်ရှောက်နေသော တပ်မတော်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "သားကောင်းဇာနည် အောင်စစ်သည်" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပရာ အခြေခံပညာ အလယ်တန်းကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ကံမအထက အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

သရက်ခရိုင် ကံမမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားကို ကံမအထက မြဝတီခန်းမ၌ ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးမှ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအတွက် တည်းခိုစားသောက်ရေး စီစဉ်ထားရှိမည်ဖြစ်သည်။ ရန်ကုန်မြို့မှ လိုက်ပါလိုသူများအတွက် ရန်ကုန်–ကံမ မော်တော်ယာဉ် အသွားအပြန် စီစဉ်ထားရာ ဖေဖော်ဝါရီ ၅ရက် နံနက် ၆နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံရှေ့ စုရပ်မှ ထွက်ခွာမည်ဖြစ်ပြီး လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးဝင်းအောင် ဖုန်း– ၅၄၁၇၇၃၊ ဦးအောင်တိုး ဖုန်း– ၀၉၉၉ ၂၄၇၇၃၊ ဦးစိုးငြိမ်း ဖုန်း–၂၄၄၇၆၀၊ ဦးသိန်းတန် ဖုန်း–၂၄၄၁၀၅သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

လှိုင်သာယာမြို့နယ် အမှတ်(၃၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄–၂၀၀၅ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မူလတန်းကျောင်းသူလေးများက ဖွင့်ပွဲသီချင်းသီဆို၍ အကဖြင့် ဖျော်ဖြေကြစဉ်။ (၅၃၉)

ကော့သောင်းခရိုင် ပျိုးဥယျာဉ်စိုက်ပျိုးမှုနှင့် ဘုရင့်နောင်ကုန်းမြေ သာယာလှပရေး စစ်ဆေး

ကော့သောင်း ဇန်နဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး မြို့စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် စိုက်ပျိုးထားသော ခရိုင်ပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးပြီး ပျိုးပင်များ ပြည့်မီအောင် ပျိုးထောင်ရန်နှင့် ပန်းအလှပင်များ ထပ်မံစိုက်ပျိုးထားရှိရေး မှာကြားသည်။

ထို့နောက် ငါးသုံးလုံး ရှုခင်းသာ တောင်ကုန်းအား သွားရောက်ပြီး တောင်ကုန်းဝန်းကျင် လှပသာယာရေး၊ ပန်းအလှပင်စိုက်ပျိုးရေးနှင့် ဘုရင့်နောင်ကုန်းမြေဝန်းကျင် သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားသည်။ **(အပေါ်ယာပုံ)**

ထို့မှတစ်ဆင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးတွင်းဝန်ထမ်းများနှင့် တွေ့ဆုံပြီးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးနှင့် မြို့သာယာလှပရေးဆောင်ရွက်ရန် မှာကြားသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်တွင် မြိတ်မြို့သို့ ရောက်ရှိပြီး ဗိုလ်မြတ်လေး ပန်းခြံအတွင်း မြို့သာယာလှပရေးအတွက် ပန်းပင်များ စိုက်ပျိုးထားရှိမှု၊ ပျိုးထုပ်များဆောင်ရွက်နေမှုအား စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် မြို့ပတ်လမ်း(၂) ရှမ်းချောင်း-ရွှေဒူးလမ်း မြေသာယာလှပရေးအတွက် ပန်းပင်များ စိုက်ပျိုးထားရှိမှု၊ ပျိုးထုပ်များ ဆောင်ရွက်နေမှုအား စစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထို့မှတစ်ဆင့် မြို့ပတ်လမ်း(၂) ရှမ်းချောင်း-ရွှေဒူးလမ်း မြေသားလမ်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်းအားစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ယင်းလမ်းသည် အရှည် ငါးမိုင် ခုနစ်ဖာလုံရှိပြီး မြေသားလမ်း အကျယ်ပေ ၃၀ ပေါ်တွင် ၁၂ ပေကို ကျောက်ချောလမ်းအဖြစ် ခင်းထားခြင်းဖြစ်သည်။

ဆက်လက်၍ ကျွဲကူးကျေးရွာ၊ သုဝဏ္ဏရပ်ကွက်မှ နှစ်လက်မ စက်ရေတွင်း နှစ်တွင်းမှ ရေစုပ်တင်ပြီး ရေစုကန်များမှ ရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(နယ်စပ်စည်ပင်)

ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် မုခ်ဦးလှူဒါန်း

ပဲခူး ဇန်နဝါရီ ၁၃

သဲတောမြို့ ရွှေကိန္နရီ အထည်စက်ပိုင်ရှင် ဦးအုန်းကျော်-ဒေါ်မိမိသားစုက ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းစာသင်တိုက်ကြီး၏ အဝင်မုခ်ဦးကို ငွေကျပ် ၇၅၀၀၀၀ အကုန်ခံ၍ တည်ဆောက်လှူဒါန်းခဲ့ပြီး ရေစက်ချအလှူတော်ကို ဇန်နဝါရီ ၁၁ ရက်နံနက်က ကျောင်းတိုက်ကြီး၏ ဆွမ်းစားဆောင်တွင် ကျင်းပသည်။

ရေစက်ချ အလှူတွင် ကျောင်းတိုက်ကြီးရှိ သံဃာတော်များအား တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ငွေကျပ် ၁၀၀၀၀၀ ကို ထပ်မံလှူဒါန်းရာ ကျောင်းတိုက်ကြီး၏ ပဓာန နာယက တွဲဖက် ရွှေကျင်သာသနာပိုင်ဆရာတော် ဘဒ္ဒန္တ ဇောတိပါလက အနုမောဒနာတရား ချီးမြှင့်သည်။ **(က-ပ)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျေးရွာသွားလမ်း ကျောက်ချောခင်းရေး ကွင်းဆင်းတိုင်းတာ

တာချီလိတ် ဇန်နဝါရီ ၁၆

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဒီးစံပြ ကျေးရွာသွားလမ်း သုံးမိုင် နှစ်ဖာလုံကို ထောက်ပံ့ငွေကျပ် ၉၇၅၀၀၀၀ဖြင့် အရှည်တစ်မိုင် သုံးဖာလုံ၊ စည်ပင် သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၉၅၆၈၀၀၀ ဖြင့် အရှည်တစ်မိုင် သုံးဖာလုံနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၃၅၀၀၀၀၀ ဖြင့် အရှည် လေးဖာလုံအား ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချော လမ်းခင်း ဆောင်ရွက်နိုင်ရေး အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယ ညွှန်ကြားရေးမှူး) ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးစိုးစိုးဦးတို့က ဒီဇင်ဘာ ၂၆ ရက်က ကွင်းဆင်း တိုင်းတာ စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ကျေးလက်အိမ်ရာ

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် မြို့နယ်အတွင်း ကျေးရွာများ၌ ကျေးလက်အိမ်ရာ စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိရာ ရွှေဘိုမြို့နယ် ကျေးရွာသုံးရွာတွင် ကျေးလက်အိမ်ရာ ၁၃ လုံး ဆောက်လုပ်ပေးထားသည့်အနက် ဒီဇင်ဘာ ၁၅ ရက်က ကျေးလက်အိမ်ရာ တစ်လုံးကို တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဖားကန့် ဇန်နဝါရီ ၅

ဖားကန့်မြို့ သန့်ရှင်းရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်က မော်ဝမ်း အမှတ်(၁) လမ်းမကြီးတစ်လျှောက် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေမြောင်းများ ကောင်းမွန်ရေး ဆောင်ရွက်ခြင်းတို့ကို မြို့နယ်စည်ပင် ဒုဦးစီးမှူး(သန့်) ဦးဝင်းတင့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမင်းဟန်က ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဒီဇင်ဘာ ၂၅ ရက်က မင်းပြားမြို့ ဦးကျော်ဦးလမ်းတွင် လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းကို အမှုဆောင် အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်က ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမျိုးဟန် ဦးဆောင်၍ ပဒေသာဈေးကြီး၌ ဈေးဝန်ထမ်းများ၊ ဈေးကော်မတီများ၊ ဈေးသူ၊ ဈေးသားများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပိုင် မီးသတ်စက်၊ မီးငြိမ်းသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းကို ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့ပြကျောက်ချောလမ်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

မိုင်းယောင်း ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေ ကျပ် ၁၇ ဒသမ ၅၇ သိန်းဖြင့် မြို့ပြလမ်းဖြစ်သည့် ဖိုးရာဇာလမ်း ပေ ၁၂၃၀ အကျယ် ၁၂ ပေအား ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အဖွဲ့ ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်း၊ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်လင်းတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(နယ်စပ်စည်ပင်)

တောင်ကြီး စက်မှုလက်မှုအထက ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ

တောင်ကြီး ဇန်နဝါရီ ၁၇

တောင်ကြီးမြို့ စက်မှုလက်မှုအထက ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂ ရက် (စနေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာယာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

အငြိမ်းစား ဆရာ၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် (အငြိမ်းစား) ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာ ဦးသောင်းထွန်း (အငြိမ်းစား)၊ ဖုန်း၀၁-၇၂၂၅၇၁နှင့် ဆရာ ဦးစိန်မောင် (အငြိမ်းစား)၊ ဖုန်း-၀၁-၇၀၀၁၉၈တို့သို့ ဆက်သွယ်နိုင်ပြီး၊ လှူဒါန်းလိုသူများသည် ဦးစိုးညွန့် ဖုန်း ၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း ဖုန်း ၀၈၁-၂၁၇၁၅ (အိမ်)၊ ၀၈၁-၂၁၁၂၅ (ရုံး)၊ ဦးတင်အောင် ဖုန်း-၀၈၁-၂၁၅၂၁၊ ဦးလှသိန်း ဖုန်း-၀၁-၂၉၅၁၇၆၊ ဦးညိုမင်းဒင် ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇၊ ဒေါ်စန်းစန်းမြင့် ဖုန်း ၀၁-၆၄၂၅၄၂၊ ဦးအေးဝင်း ဖုန်း-၀၂-၃၁၄၅၄ နှင့် ဦးအောင်မြင့်သိန်း ဖုန်း-၀၆၂-၂၂၆၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မင်းလှမြို့နယ်၌ ဆည်ရေပေးဝေမှု ကြည့်ရှုစစ်ဆေး ကံတင် ဘီးလင်း ရေလှောင်တမံဆည်ရေဖြင့် နွေစပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးနိုင်ပြီ

ဆည်ရေပေးဝေ

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် ကံတင် ဘီးလင်း ရေလှောင် တမံ၏ ရေပေးဝေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

ရန်ကုန် ဇန်နဝါရီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ကံတင် ဘီးလင်း ရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာတွင် ဆည်ရေပေးဝေ၍ နွေစပါးစိုက်ပျိုးမှု၊ ပဲစိုက်ခင်းများဖြစ်ထွန်းမှု၊ ရေပေးအဆောက်အအုံများ ပြီးစီးမှု၊ လူအင်အား၊ စက်အင်အားဖြင့် ရေပေးတူးမြောင်းများ တူးဖော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ထန်းပင်ချောင်ကျေးရွာအနီးရှိ ကံတင် ဘီးလင်းရေလှောင်တမံ လက်ဝဲမြောင်းမကြီး၏ လက်တံမြောင်း အမှတ်(၃) ရေမြောင်းများမှ ဆည်ရေပေးမှု၊ နွေစပါးစိုက်ပျိုးရန် လယ်ယာကွက်များ ရေဝင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်တို့က ဆည်ရေသောက်ဧရိယာရှိ ရေမြောင်းများပြီးစီးမှု၊ ရေပေးဝေမှု၊ ဆက်လက်၍ ရေမြောင်းများ တူးဖော်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် လက်တံမြောင်း အမှတ်(၃) (DY-3) နှင့် လက်ဝဲတူးမြောင်းမကြီး ဆက်စပ်နေရာ၏ ဆည်ရေပေးမှုကိုလည်းကောင်း၊ လက်ဝဲတူးမြောင်းပေါ်ရှိ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တွင် မြေငလျင်နှင့် ထူးကဲဒီရေသင့်မှုကြောင့် ပျက်စီးသွားသော ပုလုံးတုံးတုံး တံတား ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ကျန်းမာရေး)

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးအတွက် ကြိုးပမ်းရရှိလာသည့် အောင်ပွဲတစ်ရပ်ကိုဖော်ညွှန်းနေသော ပွဲတော်တစ်ခုဖြစ်ကြောင်း တွေ့ရသည်။

ခေါင်းကြီး (စာမျက်နှာ-၂)

အင်အားကြီးသူက အင်အားငယ်သူကို လွှမ်းမိုးအုပ်ချုပ်နေပြီး ချမ်းသာသူတွေက ဒုက္ခရောက်နေသူများနဲ့ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာတွေကို မျှဝေခံစားဖို့ ဝန်လေးနေတဲ့ တည်ငြိမ်မှုကင်းမဲ့နေတဲ့ ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ သည်းခံရေးနဲ့ မေတ္တာကရုဏာထားရေးဆိုတဲ့ တရားတော်တွေ ပျံ့နှံ့စေဖို့ ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံတွေက စွမ်းဆောင်နိုင်လိမ့်မယ်ဆိုတာ သံသယဖြစ်စရာမရှိပါ။

ရတနာစည်ဆရာတော်(လှိုင်လင်)၏

"ရွှေသာသနာ ရွှေမြန်မာ ရွှေညီလာ(၂)"

ဆောင်းပါး (စာမျက်နှာ-၆)

မြေငလျင်နှင့် ထူးကဲဒီရေဒဏ်သင့်ခဲ့သည့် ပြည်သူများအပေါ် နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးပေးမှုများကို မျက်ဝါးထင်ထင် သိမြင်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra၊ ယူနီဆက်ဌာနေကိုယ်စားလှယ် Ms. Caroll. C. Long၊ ယူအင်ဒီပီ ဒုတိယဌာနေကိုယ်စားလှယ် Ms.Akiko Suzaki တို့နှင့်အတူ ဇန်နဝါရီ ၁၄ရက်တွင် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိကြပြီး ကော့သောင်းတပ်နယ်ရိပ်သာ အစည်းအဝေးခန်းမ၌ ဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် မြေငလျင်နှင့် ထူးကဲဒီရေသင့်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သည်များ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ●**